

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


မအိုစာ

**မိစ္ဆာအိုး**

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၃၉၂၀၄၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၄၉၀၀၅၁၀ |
| | ပထမအကြိမ် |
| | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ |
| ထုတ်ဝေသူ | - ဦးသိန်းဇော် (လောကနတ်စာပေ) |
| | ၂၈၀/ခ၊ လမ်းသစ်မွှာရုံလမ်း ၊ |
| | နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးပုံနှိပ်သူ | - ဦးကျင်ရင် (မြ-၀၅၄၁၇) |
| | ရွှေခြသေ့်ပုံနှိပ်တိုက် |
| | အမှတ် (၂၂၅)၊ (၃၂) လမ်း၊ |
| | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | - ဦးနိုင်နိုင်အောင် (မြ-၀၆၅၇၀) |
| | ရတနာမင်းပုံနှိပ်တိုက်၊ အမှတ် (၁၉၂)၊ |
| | ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - **Ma O' Sar** |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - ရွှေမင်းသမီးစာပေ၊ |
| | ဖုန်း - ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

မအိုစာ ၈၉၃-၈၃

မိစ္ဆာအိုး/မအိုစာ။ ရန်ကုန်။

လောကနတ်စာပေ၊ ၂၀၁၁

၁၉၀ စာ၊ ၁၃. ၂၁×၂၀. ၈၃စင်တီ၊

(၁) မိစ္ဆာအိုး


# မိစ္ဆာအိုး

## မအိုစာ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်တာပစ်တဲ့ည

၂။ မလှစုန်းယိုး

၃။ အရှင်လတ်လတ်

၄။ ကနားစီးဒေဝါ

၅။ ခေါင်းတလားရာဇာ

၆။ နတ်ကဝေမယ်

၇။ ပျဉ်ထောင်ကတော်နတ်

၈။ ပုဏ္ဏပျံစံအိမ်

၉။ နတင်နံ့ပါတ် ၃၁

၁၀။ ဘုံစာကျွေးတဲ့နေ့

၁၁။ နတ်ကျားဝိညာဉ်

၁၂။ မာတင်္ဂ

၁၃။ ဘီလူးနကွတ်

၁၄။ မိုးကြိုးအလောင်း

၁၅။ နစ်ဘဝရွှေသိုက်

၁၆။ မိုးနတ်ဒေဝီ

၁၇။ ကျိန်

၁၈။ မရဏစာရွက်


ယခု ...

**မိဿာအိုး**


**မအိုစာ**

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။


အကြံပြုစာ ရေးသားပေးပို့သူ ဝရိသတ်အားလုံးကို
လက်မှတ်ထိုးထားသောစာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျှက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မအိုစာချစ်တဲ့ ပရိသတ်ကြီးအတွက်

အထူးကဏ္ဍ ...

စာဖတ်သူဝါသနာရှင်များအတွက်

Ma O' Sar ကဗျာကဏ္ဍ စီစဉ်ထားပါတယ်။

မအိုစာရဲ့ပရိသတ်တွေ ကဗျာအမျိုးအစားမရွေး ရေးသားပေးပို့နိုင်ပါတယ်။

ပေးပို့သူပရိသတ်နဲ့ မအိုစာ••ခံစားချက်တူတဲ့ ကဗျာများကို စာအုပ်ရှေ့ပိုင်းမှာ လစဉ် ဖော်ပြပေးသွားမှာပါ။

ကဗျာပေးပို့သူများအနေနဲ့ ကိုယ်တိုင်ရေးကဗျာဖြစ်ကြောင်း ဝန်ခံချက်ရယ်•••

နေရပ်လိပ်စာ အပြည့်အစုံရယ်•••

ပတ်စပို့အရွယ် ဓာတ်ပုံတစ်ပုံနဲ့အတူ

ကဗျာစာမူကို ပူးတွဲပေးပို့နိုင်ပါတယ်။

# အပိုင်း (၁)

နာဂစ္စာ ...

www.burmeseclassic.com

www.burmeseclassic.com

ချင်းတွင်းမြစ်အနောက်ဘက်မှာ တောင်ပေါ် နာဂရွာ လေး တစ်ရွာရှိတယ်။

ညသန်းခေါင်ချိန်တစ်ခုမှာ နာဂရွာလေးဟာ အမှောင်ထု အောက်မှာ အိပ်မောကျနေတယ်။



အဲဒီအချိန်မှာပဲ ... ရွာရဲ့ စည်းရိုးအပြင်ဘက်မှာ ဓား၊ လှံ၊ အဆိပ်လှူးမြား၊ ဒိုင်း ကိုယ်စီကိုင်ထားတဲ့ လူအုပ်ကြီးဟာ မှောင် ရိပ်ခိုပြီး တိတ်တဆိတ်လှုပ်ရှားဖို့ အကဲခတ်နေကြတယ်။

လူအုပ်ထဲက ခေါင်းဆောင်လူကြီးကတော့ သူ့လူတွေကို လက်ဟန်အမူအရာနဲ့ ညွှန်ကြားနေတယ်။

ဒီအချိန်မှာပဲ အတူပါလာတဲ့ နတ်ဆရာက ခေါင်းဆောင် လူကြီးနားတိုးကပ်ပြီး ...

"ဒီအချိန်ဟာ အကောင်းဆုံးပဲ ... အချိန်ကျပြီ"

လို့ ပြောရင်း အိတ်ထဲက ကြက်ဥတစ်လုံးကို ထုတ်လိုက် တယ်။

နတ်ဆရာဟာ ကြက်ဥကို လက်မှာကိုင်ပြီး မျက်လုံးစုံမှိတ် လိုက်တယ်။

ပြီးတော့ နှုတ်က ပွစိ ပွစိ ရေရွတ်ရင်း ကြက်ဥကို ရွာစည်းရိုး အတွင်း ပစ်သွင်းလိုက်တယ်။

"အောင်မြင်ပါစေ"

နတ်ဆရာရဲ့ တီးတိုးဆုတောင်းသံ မဆုံးခင်မှာဘဲ နံ့ယဲပိုင်း

www.burmeseclassic.com



ကိုယ်စီဝတ်ထားတဲ့ မျိုးနွယ်စုအနွယ်ဝင်တွေဟာ ခေါင်းဆောင်လူကြီး ရှေ့ ရောက်လာပြီး . . .

"စည်းရိုးမှာ မြှုပ်ထားတဲ့ ကြောင့်တွေအားလုံး ရှင်းပြီးပါပြီ၊ စည်းရိုးတစ်လျှောက်လည်း တပ်သားတွေ ချထားပြီးပါပြီ"

လို့ ပြောလာတယ်။

ခေါင်းဆောင်လူကြီးက စူးရှတောက်ပတဲ့ မျက်လုံးအစုံနဲ့ သူ့လူတွေကို ကြည့်လိုက်ရင်း . . .

"ဒါဆို ရွာထဲကို ဝင်ကြမယ် . . . အားလုံး သတိရှိကြပါ၊ ကျုပ်တို့ရွာအတွက် တာဝန်ကြေပါစေ"

လို့ ပြတ်သားစွာ အမိန့်ပေးလိုက်တယ်။

ခေါင်းဆောင်ကြီးရဲ့စကားဆုံးတဲ့အခါ တပ်သားတွေဟာ . . .

ခေါင်ရှည်ထည့်ထားတဲ့ ဝါးကျည်တောက်ကို မော့သောက်လိုက်ကြရင်း ရဲဆေးတင်ကြတယ်။

ပြီးတော့ ဓား၊ လှံ၊ လက်နက်တွေကို အသင့်ပြင်လိုက်ကြတယ်။

ဒီအချိန်မှာပဲ ခေါင်းဆောင်လူကြီးဟာ ရွာရဲ့ စည်းရိုးတံခါးကို



ဖြာသံပေးရင်း . . . အရှိန်နဲ့ ပြေးဝင်ဆောင့်ပြီး . . . ရိုက်ချိုးပစ်လိုက်တယ်။

အော်ဟစ်သံ၊ ခုတ်ဖြတ်သံတွေနဲ့ ယောပဲ တစ်ရွာလုံး သေွးရှက်ပြီး အထိတ်တလန့် ပြေးလွှားကုန်တယ်။

ရွာသားတွေဟာ ရန်သူကို ရင်ဆိုင်ဖို့ အသင့်ပြုလုပ်ထားတဲ့ သစ်သားပြားနဲ့ ဓားကို ဆွဲကိုင်ပြီး ခုခံကြတယ်။

ဒါပေမဲ့ . . . ရန်သူရဲ့ အငိုက်ဝင်တိုက်ခိုက်ခြင်း ခံရတာကြောင့် အရေးနိမ့်ရမလို ဖြစ်နေတယ်။

ရွာသူ မိန်းမတွေဟာလည်း ကလေးကိုယ်စီ လက်ဆွဲပြီး အော်တစ်ပြေးလွှားရင်း ပုန်းခိုရာကို ရှာနေကြပြန်တယ်။

နာဂတွေဟာ သူတို့ရဲ့ အဖိုးတန်ပစ္စည်းကို အိမ်ပေါ်မှာ ထားလေ့မရှိဘူး။ စပါးကျီတွေထဲမှာသာ ထားလေ့ရှိတယ်။

ဒါကိုသိတဲ့ မျိုးနွယ်စု နာဂတွေက စပါးကျီတွေကို ဝင်ရောက်မွှေနှောက်တယ်။

ပြီးတော့ အဖိုးတန်ပစ္စည်းတွေ ယူပြီး စပါးကျီတွေကို မီးရှို့ပစ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ စပါးကျီတစ်ခုအတွင်း ပုန်းအောင်းနေတဲ့ ကလေးတစ်ယောက်ဟာ ကြောက်ဒူး ဆတ်ဆတ် တုန်နေရှာတယ်။

ကလေးငယ်ဟာ စပါးကျီတွင်းက တိတ်တဆိတ် ချောင်းကြည့်လိုက်တဲ့အခါ သူရှိရာကို ဦးတည်လာတဲ့ ရန်သူတွေကို တွေ့လိုက်ရတယ်။

ဒါကြောင့် ကလေးငယ်ဟာ ကျီတွင်းမှ ကိုယ်ကို တွားသွားပြီး ချုံပုတ်တွင်းကို ပြောင်းနေလိုက်တယ်။

ရန်သူတွေဟာ စပါးကျီနားရောက်တဲ့အခါ ...

"ဒါဟာ ... တောင်ပိုင်ကြီးရဲ့ ကျီပဲကွ ... ကျီထဲမှာ အဖိုးတန်ပစ္စည်းတွေ ရှိမှာသေချာတယ် ... မီးမရှို့ခင် ဝင်ရှာကြစမ်း"

လို့ ကြုံးဝါးရင်း ကျီတွင်းကို ဝင်ကြပြန်တယ်။

မျိုးနွယ်စုထဲမှ တစ်ယောက်ဟာ စပါးပုံကြားက တစ်စုံတစ်ရာကို မြင်သွားပြီး မျက်လုံးအရောင်တောက်သွားတယ်။

ပြီးတော့ ... သူ့လူတွေကို အကဲခတ်ရင်း သူ့ကျောမှာ လွယ်ထိုးထားတဲ့ ပလိုင်းထဲကို တိတ်တဆိတ် ထည့်လိုက်တော့တယ်။

ကျန်လူတွေဟာ စပါးကျီအတွင်းရှိ နာဂလူမျိုးတွေအတွက်



အဖိုးတန်ပစ္စည်းတွေဖြစ်တဲ့ သံတုံးကြီးတွေနဲ့ ရွှေစတွေကို ရရှိသွားကြတယ်။ သူတို့ဟာ အလိုရှိရာပစ္စည်းတွေ ယူပြီးချိန်မှာတော့ စပါးကျီကို မီးရှို့ဖျက်ဆီးပစ်ကြတယ်။

ကလေးငယ်ဟာ ချုံပုတ်ထဲကနေ မီးဟုန်းဟုန်းတောက်လောင်နေတဲ့ စပါးကျီကိုကြည့်ရင်း ကြေကွဲအားငယ်စိတ်တွေ လှိုက်တက်လာတယ်။

စိတ်ရိုင်းဝင်နေတဲ့ ရန်သူမျိုးနွယ်စုတွေကို ကြည့်ရင်း သူ့တစ်ကိုယ်လုံး အသားဆတ်ဆတ်တုန်လာတယ်။

ဒါကြောင့် ... ရန်သူတွေ စပါးကျီနားက ထွက်သွားချိန်မှာတော့ ကလေးငယ်ဟာ တောစပ်ကို သုတ်ခြေတင်ခဲ့တော့တယ်။

မနက်အရုဏ်လင်းချိန်မှာတော့ ယောပဲတစ်ရွာလုံး မျိုးနွယ်စုတွေရဲ့ တိုက်ခိုက်မှုအောက်မှာ မရှုမလှ ကျဆုံးခဲ့ရတယ်။

လူနေအိမ်နဲ့ စပါးကျီအားလုံး မီးလောင်ပြင်တွေ ဖြစ်ခဲ့ရသလို ထင်းငှက်တချို့ရဲ့ ထိုးအာသံကလွဲလို့ တစ်ရွာလုံး တိတ်ဆိတ် ငြိမ်သက်သွားရှာတယ်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

တောစပ်ကိုထွက်ပြေးတဲ့ ကလေးငယ်...

တာဖြစ်မလဲ

# အပိုင်း (၂)

တောပျော်ကြီး ...

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးကြီး ပန်ချူး တစ်ယောက် ဒီနေ့ အိပ်ရာထ နောက်ကျ တယ်။

ဒါကြောင့် မြေအိုးထဲ ဆန်အနည်းငယ်ထည့်ပြီး ထမင်းရေခန်း ချက်ဖို့ ပြင်လိုက်တယ်။



ထမင်းတည်ထားချိန်မှာပဲ ... သူဟာ တောလိုက်မား၊ လေးနဲ့ မြားကို စစ်ဆေးပြီး အမဲလိုက်ထွက်ဖို့ ပြင်ဆင်လိုက်တယ်။

ထမင်းအိုးကျက်ချိန်မှာတော့ မုဆိုးပန်ချူးဟာ ပလိုင်းထဲကို ခေါင်းရည်ဝါးဆစ်ဘူးနဲ့ မြားတံထည့် ဝါးကျည်တောက်ကို ထိုးသွင်း လိုက်တယ်။

ပြီးတော့ ... လက်စွဲတော်မားမြှောင်ကို ကိုင်ရင်း တောင် စောင်းလေးအတိုင်း ဆင်းခဲ့တယ်။

တောင်စောင်းရှိ လျှိုကြီးအနားရောက်တော့ သတ္တဝါတစ် ကောင်ရဲ့ ညည်းသံကို ကြားလိုက်ရတယ်။

မုဆိုး ပန်ချူးရဲ့ ခြေလှမ်းတွဲ့သွားရင်း အသံလာရာကို ရှာဖွေ မိတယ်။

လျှိုတွင်းကို ရောက်တော့ သတ္တဝါတစ်ကောင်ရဲ့ ညည်းသံ ဆုတ်ဘဲ ခွေလဲကျနေတဲ့ ကလေးတစ်ဦးကို တွေ့လိုက်ရတယ်။

မုဆိုးပန်ချူးဟာ ကလေးငယ်ကို မျက်မှောင်ကြုတ်ကြည့်မိ ရင်း အံ့ဩသွားမိတယ်။

"ဘယ့်နှယ် ... တောကြီးမျက်မည်းထဲ ကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပါလိမ့် ... ဟင်း ... ငါထားခဲ့ရင်တော့ ဒီကလေးဟာ တောကောင်ရဲ့လက်ချက်မိပြီး ဘဝပြောင်းမှာ သေချာတယ်၊ မဖြစ် သေးပါဘူး ... သူ့ကြည့်ရတာ အဖျားတက်ပြီး ညည်းညူနေပုံပဲ ငါ့တဲကို ခေါ်သွားမှဖြစ်မယ်''

မုဆိုး ပန်ချူးဟာ အတွေးနဲ့အတူ ကလေးငယ်ကို ပွေ့ချီရင်း သူနေထိုင်ရာ သစ်လုံးအိမ်လေးကို ပြန်သွားခဲ့တယ်။

မုဆန်းပန်ချူးဟာ တတ်မှတ်သလောက် ပညာလေးနဲ့ ကလေး ငယ်ကို ကြည့်ရှုတဲ့အခါ ကလေးငယ်ဟာ ခရီးပန်းဒဏ်ကြောင့် အား ပြတ်ပြီး သတိမေ့မြောနေတာ ရိပ်စားမိသွားတယ်။

ဒါကြောင့် ... ကလေးရဲ့ကိုယ်ပေါ်က ဆူးခြစ်ရာတွေကို ရေ နွေးဝတ်နဲ့ ဆေးကြောပေးလိုက်တယ်။

ပြီးတော့ ဆေးမှုန့်တစ်မျိုးကို ယူပြီး ကလေးရဲ့ဒဏ်ရာရေ ပေါ် လိမ်းပေးလိုက်တယ်။

မုဆိုး ပန်ချူးဟာ မီးကျင်းရှိရာ လျှောက်သွားရင်း ကလေး ငယ်အတွက် ချက်ပြုတ်ဖို့ ပြင်လိုက်တယ်။

ဒါကြောင့် ... အသင့်ရှိတဲ့ မျောက်ဥ၊ ဂျုံးမြစ်၊ ခဝဲသ



အမဲခြောက်တွေကို မြေအိုးထဲ ပစ်ထည့်လိုက်ပြီး ဆားခတ်လိုက်တယ်။

မီးမွှေးပြီးချိန်မှာတော့ ဟင်းအိုးတည်ရင်း ခေါင်ရည်ကို ထိုင်ပြီး ရှပ်နေစဉ်မှာပဲ ...

''အား ... ရန်သူတွေ ... ရန်သူတွေ လာနေပြီ၊ လာနေပြီ ... ရေ ... ရေ''

ဆိုတဲ့ အသံနဲ့အတူကလေးငယ်ဟာ ဝေါက်ခနဲ ထထိုင်လိုက် တယ်။

မုဆိုး ပန်ချူးဟာ ကလေးငယ်အနား လျှောက်သွားပြီး ဆေး ပြုတ်ရည်ခွက်ကို လှမ်းပေးလိုက်တယ်။

ကလေးငယ်က သူ့ကို မျက်လုံးအပြူးသားနဲ့ အထိတ်တလန့် ကြည့်ရင်း ...

''ကျွန် ... ကျွန်တော် ဘယ်ရောက်နေတာလဲ''

ဦး ... ဦးကြီးက ကျွန်တော့်ကို ဖမ်းလာတာလား''

လို့ မေးလာတယ်။

မုဆိုး ပန်ချူးဟာ ကလေးငယ်ကို ကြည့်ပြီး သက်ပြင်းချ လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မစိုးရိမ်နဲ့တော့ ကောင်လေး ... လှိုဏ်ထဲမှာ လဲနေတာတွေ့လို့ ငါ့အိမ်ခေါ်လာတာ ... ငါ့အိမ်က မင်းအတွက် လုံခြုံမှုရှိပါတယ်"

ကလေးငယ်ဟာ မုဆိုးပန်ချူးကို မယုံကြည်ဟန်နဲ့ အကဲခတ်ကြည့်လိုက်တယ်။

အတန်ကြာတော့မှ ...

"ဦး ... ဦးလေးက ဘယ်သူလဲ ... ဘာလို့ ရွာထဲမှာ မနေဘဲ ... တောထဲမှာနေတာလဲ"

ကလေးငယ်ရဲ့ အမေးကြောင့် မုဆိုးပန်ချူးဟာ မျက်နှာ ကွက်ခနဲပျက်သွားရင်း ...

"ဒီမှာ ကောင်လေး ... မလိုအပ်တဲ့မေးခွန်းတွေ ငါ့ မမေး ... မင်းလုပ်ရမှာက အနားယူဖို့ပဲ၊ အနားမယူရင် အားပြတ်ပြီး ... သေသွားလိမ့်မယ်"

လို့ လေသံမာမာနဲ့ ပြောလိုက်တဲ့အခါ ကလေးငယ်ဟာ စ... မဆိုဝံ့တော့ဘဲ ငြိမ်သက်သွားတယ်။

မုဆိုးကြီးတိုက်တဲ့ ဆေးမြစ်ပြုတ်ရည်အစွမ်းကြောင့် က...



ငယ်ဟာ မျက်လုံးတွေ လေးလံလာတယ်။

ပြီးတော့ နှစ်ခြိုက်စွာ အိပ်မောကျသွားတော့တယ်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

"မုဆိုးကြီးက ...ဘာကြောင့် တောထဲ နေရသလဲ"

၉၉

# အပိုင်း (၃)

ကျားစွယ်ကိုက် ...ကျမ်းကျိန် ...

www.burmeseclassic.com

www.burmeseclassic.com

နေမွန်းတည့်ချိန်ရောက်တော့ ကလေးငယ် နိုးလာတယ်။

မုဆိုးပန်ချူးက အသင့်ချက်ထားတဲ့ ထမင်းနဲ့ဟင်းကို ဝါးခွက်

ထဲထည့်ပြီး ကလေးငယ်ကို စားစေတယ်။

ကလေးငယ်ဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်လိုက်ရတာကြောင့်



ထူထူထောင်ထောင် ဖြစ်လာတယ်။

ဒါကြောင့် . . . မုဆိုးကြီးကျွေးတဲ့ ထမင်းကို အားပါးတရ ခေါင်းမဖော်တမ်း စားနေမိတယ်။

မုဆိုးပန်ချူးဟာ ကလေးငယ်ရဲ့အနား ထိုင်ပြီး ခေါင်းဖတ်ဝါး နေရင်းက . . .

"မင်း ဘယ်ရွာကလဲ၊ ဘာလို့ တောနက်ထဲ ရောက်လာရ တာလဲ၊ ငါ ဒီမှာနေတာ နှစ်ပေါင်း မနည်းတော့ဘူး၊ မျက်စိလည် ထမ်းမှားလာတဲ့ မုဆိုးတွေကလွဲရင် မင်းဟာ ငါ့ရဲ့ ဦးဆုံး ဧည့်သည်ပဲ"

လို့ ပြောလိုက်တယ်။

ကလေးငယ်ဟာ ပလုပ်ပလောင်းစားရင်း ဝါးကျည်တောက် ထွင်းက ရေကို တဂွပ်ဂွပ် မော့ချလိုက်ပြန်တယ်။

ဗိုက်ကားအောင်စားသောက်ပြီးတော့မှ . . .

"ကျွန်တော့်နာမည် "အလီ" ပါ။ ကျွန်တော့်အဖေက ယောပဲ ရွာရဲ့ မျိုးနွယ်စုခေါင်းဆောင်တစ်ယောက်ပါ၊

တစ်ညမှာ ရွာကို ရန်သူတွေဝင်ခဲ့တယ်၊ ပြီးတော့ တစ်ရွာလုံး ကို သတ်ဖြတ်ပြီး ကျွန်တော့်အဖေကိုပါ လုပ်ကြံခဲ့တယ်၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တောင် အပြေးကောင်းလို့ လွတ်ခဲ့ရတာဗျ”

လို့ အစချီရင်း သူ့အကြောင်းကို ရှင်းပြလိုက်တယ်။

မုဆိုး ပန်ချူးဟာ ကလေးငယ်ရဲ့အကြောင်းကို နားထောင်ပြီး ချိန်မှာတော့ …

“အင်း … မင်းတို့ရွာကို ဝင်တိုက်တဲ့ လူမျိုးစုတွေဟာ မင်းအဖေနဲ့ နယ်မြေလုရင်း ရန်စ ရှိခဲ့ပုံရတယ်၊ ဒါကြောင့် မင်းတို့အလစ်မှာ ဝင်ပြီးတိုက်ခိုက်ခဲ့တာပဲ၊ ငါတို့လူမျိုးတွေဟာ သူ့နယ်မြေ၊ ငါ့နယ်မြေဆိုပြီး နယ်မြေလုရင်း အငြင်းပွားကြ၊ ရန်ငြိုးရန်စတွေ ထားကြခဲ့တာ ရှေးရိုးစွဲအစဉ်အလာလို ဖြစ်နေပြီကွ …၊

ဘယ်လောက်ထိ တို့လူမျိုးတွေရဲ့ အငြင်းပွားမှုတွေ ကြီးမားခဲ့သလဲဆိုရင် ဘာမဟုတ်တဲ့ စပါးတစ်ပင်ကိုတောင် တစ်ရွာသားက ချိုးယူသွားလို့ တစ်ရွာနဲ့တစ်ရွာ ငြင်းခုန်ကြရင်း … နောက်ဆုံး ကျားစွယ်ကိုက် ကျမ်းကျိန်ရတဲ့အထိတောင် ဖြစ်ခဲ့ဖူးတယ်ကွ၊ တကယ်တော့ လူတွေဟာ အသေးအဖွဲလေးကို လျစ်လျူမရှုနိုင်လို့ အငြင်းပွားမှုကနေ ရန်ငြိုးတွေ ကြီးခဲ့ရတာပဲ၊ တို့အားလုံးရဲ့ရင်ထဲမှာ သည်းခံစိတ်သာ ရှိခဲ့ရင် … အငြင်းအခုံတွေ … ရန်ငြိုးရန်စတွေ ရှိမှာ မဟုတ်ဘူး”



လို့ ပြောနေစဉ်မှာပဲ ကျားဟိန်းသံသဲ့သဲ့ကို ကြားလိုက်ရတယ်။

ကျားဟိန်းသံကြောင့် မုဆိုး ပန်ချူး မျက်နှာပျက်သွားတယ်။

မုဆိုး ပန်ချူးဟာ ထိုင်ရာက ဆတ်ခနဲ ထလိုက်ရင်း အမဲလိုက်လက်နက်တွေကို ဆွဲယူလိုက်တယ်။

“ကဲ ကောင်လေး အလီ … ငါတော့ ကျားဆိုး ကျားမိုက်ကြီးကို သွားနှိမ်နင်းရဦးမယ်၊ ဒီကျားက သိပ်ဆိုးတယ်ကွ … မန့်လူရွာကို ဝင်ပြီး မကြာခဏ လူဆွဲလေ့ရှိတယ်၊ ပြီးတော့ … ဒင်းက ရွာစပ်မှာ ကျက်စားတဲ့ ဝက်တွေ၊ ဆိတ်တွေကိုပါ ဆွဲတတ်တဲ့ကောင်ကြီးကွ၊ ကဲ … အချိန်မရှိဘူး၊ ငါအမြန်သွားမှ အချိန်မီလိမ့်မယ်၊ ခုလောက်ဆို ကျားဆိုးနှိမ်နင်းဖို့ ရွာသားတွေ ငါ့ မျှော်နေလောက်ပြီ၊ ဒီတစ်ချီတော့ ကျားဆိုးကို အသေရှင်းရမယ်၊ မင်းကိုမှာခဲ့မယ် အလီ … အိမ်ထဲက အိမ်ပြင် လုံးဝမထွက်ပါနဲ့ … ကြားလား၊ ကဲ … ငါသွားပြီ”

မုဆိုးပန်ချူးဟာ တဖွဖွရေရွတ်ပြောဆိုရင်း မန့်လူရွာဘက်ကို ဆုတ်ခြေတင်ခဲ့တော့တယ် ….။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

"ကျားဆိုးကို နှိမ်နင်းနိုင်ပါ့မလား၊"

# အပိုင်း (၄)

ကျားမိစွာ ...

www.burmeseclassic.com

www.burmeseclassic.com

မုဆိုး ပန်ချူးဟာ မန့်လူရွာထိပ်ရောက်တော့ ရွာသားတွေကို အသင့်တွေ့လိုက်ရတယ်။ ရွာသားတွေဟာ မုဆိုးပန်ချူးဆီ အားကိုးတကြီး ပြေးလာကြရင်း ...

"ကျားမိစ္ဆာကြီး သောင်းကျန်းနေပြန်ပြီဗျို့ ... မုဆိုးကြီးမှ



ကယ်ရင် ကျုပ်တို့ရွာက ကလေးတွေအတွက် စိတ်မချရဘူးဗျ ... ကယ်ပါဦး မုဆိုးကြီးရယ်"

လို့ တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတယ်။

မုဆိုးပန်ချူးတာ စကားမတုံ့ပြန်ဘဲ ကျားမိစ္ဆာကြီးကို ဖမ်းဆီးဖို့အရေး တွေးနေမိတယ်။

ကျားမိစ္ဆာကြီးနဲ့ သူ ... ဒီရွာမှာပဲ သုံးကြိမ်ဆုံခဲ့ဖူးတယ်။ သုံးကြိမ်စလုံး ကျားမိစ္ဆာကို ခြောက်လှန့်ပြီး လွှတ်ခဲ့တယ်။ ဒီတစ်ကြိမ်တော့ ကျားမိစ္ဆာကို အသေနိမ်နင်းမှ ရတော့မယ်လို့ ဆုံးဖြတ်လိုက်မိတယ်။

ဒါကြောင့် ရွာသားတစ်ယောက်ကို လှမ်းပြီး ...

"ဒီကောင်ကြီး ဘယ်ဘက်ကို ဝင်သွားတာလဲ"

လို့ မေးလိုက်တဲ့အခါ ... ရွာသားက။

"ရွာစပ်မှာ လွှတ်ထားတဲ့ဝက်ကို ကိုက်ဆွဲပြီး ဟိုး ... တောအနောက်ပိုင်းကို ပြေးဝင်သွားပါတယ်"

လို့ ညွှန်ပြ ပြောလာတယ်။

မုဆိုးပန်ချူးဟာ ရွာသား ညွှန်ပြရာကို ကြည့်ရင်း တောဝင်ဖို့

www.burmeseclassic.com

www.burmeseclassic.com


ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ ရွာသားတွေက …

“ကျားမိစ္ဆာကြီးဟာ ရက်စက်ကြမ်းကြုတ်တယ်၊ မုဆိုးကြီး တစ်ယောက်တည်း မသွားပါနဲ့၊ ကျုပ်တို့ပါ လိုက်ပြီး ကူညီပေးပါရစေ”

လို့ တောင်းဆိုလာတယ်။

မုဆိုးပန်ချူးနဲ့ ရွာသားတွေဟာ ကျားမိစ္ဆာကြီးကို ရှာဖို့ တောတိုးခဲ့ကြတယ်။

တောတွင်းတစ်နေရာရောက်တော့ မုဆိုးပန်ချူးဟာ ရွာသားတွေကို အသံမထွက်ဖို့ အချက်ပြလိုက်တယ်။

ပြီးတော့ … သူဟာ ခြေသံလုံအောင်ထိန်းလျှောက်ရင်း ချုံပုတ်ကြီးအနီးကို တိုးကပ်သွားတယ်။

ချုံကြီးရဲ့ အနောက်မှာတော့ ကျားမိစ္ဆာဟာ သားကောင်ကို အမဲဖျက်စားသောက်နေတာ တွေ့လိုက်ရတယ်။

မုဆိုး ပန်ချူးဟာ လက်စွဲတော်ဓားကြီးကို ဝှံ့လိုက်ရင်း ကျားမိစ္ဆာကြီးကျောကို အားကုန် ထိုးစိုက်လိုက်တယ်။

အစာကို မဲနေတဲ့ ကျားမိစ္ဆာကြီးဟာ မုဆိုးကြီးရဲ့ဓားချက်ကြောင့် မြေပေါ် ဗိုင်းခနဲ လဲကျသွားတယ်။

အဝေးက တိတ်တဆိတ်ကြည့်နေတဲ့ ရွာသားတွေဟာ မုဆိုးကြီးရှိရာ ပြေးလာကြရင်း …

“ဟာ … ကျားမိစ္ဆာကြီး တစ်ချက်တည်းနဲ့ အသေပဲဗျို့၊ မုဆိုးကြီးရဲ့အစွမ်းကတော့ အံ့မခန်းပါဘဲ၊ ကျားမိစ္ဆာကြီးကို နှိမ်နင်းပေးတဲ့ မုဆိုးကြီးကို ကျုပ်တို့ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူးဗျာ …၊

ဒီတော့ မုဆိုးကြီးကို ဂုဏ်ပြုတဲ့အထိမ်းအမှတ်ပွဲ လုပ်ပေးပါရစေ၊ ဒီည ကျုပ်တို့ရွာလယ်က သစ်ပင်ကြီးရှေ့မှာ အထိမ်းအမှတ်ပွဲ လုပ်မယ် … မုဆိုးကြီး လာဖြစ်အောင်လာပါ”

လို့ ဝိုင်းပြောကြတယ်။

ရွာသားတွေရဲ့ စကားကြောင့် မုဆိုးပန်ချူးဟာ တွေဝေသွားတယ်။

သူ့အကျင့်က လူအများနဲ့ ရောနှောမနေတတ်ဘူး။ ပွဲလမ်းသဘင်တွေဆိုလည်း ဘယ်တော့မှ သွားလေ့မရှိဘူး။ ဒါပေမဲ့ … နာဂလူမျိုးတွေမှာက ရန်သူကို အောင်နိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲအထိမ်းအမှတ်ပွဲ လုပ်တဲ့ခလေ့ ရှိတယ်။

သူ့ အယ်လိုမှ ငြင်းလို့မရဘူး။

ဒါကြောင့် လာခဲ့ပါမယ်လို့ ကတိပြုရင်း သူ့ရဲ့ တောင်စောင်း အိမ်လေးကို ပြန်ခဲ့တော့တယ်။

သူ့စိတ်ထဲမှာတော့ အလီ အိမ်မှာရှိပါ့မလားလို့ တွေးမိရင်း ပူပန်နေမိတယ်။

တောင်စောင်းအိမ်လေးရောက်တော့ အိမ်ဝမှာ ထိုင်စောင့်နေ တဲ့ အလီကို တွေ့လိုက်ရတယ်။

အလီဟာ မုဆိုးပန်ချူးကို ထွက်ကြိုရင်း ...

"ကြာလိုက်တာ ဦးလေးရယ် ... ကျုပ်ဖြင့် တစ်ရေးတောင် ဝင်အိပ်ပြီးပြီ၊ ကျားဆိုးကြီးရော သေသွားပြီလား"

လို့ မေးလာတယ်။

မုဆိုးပန်ချူးဟာ အမဲလိုက်ပစ္စည်းတွေကို နေရာတကျ ပြ ထားရင်း ကျားမိစ္ဆာကို နှိမ်နင်းခဲ့ပုံကို ပြောပြလိုက်တယ်။

ဒီအခါမှာ အလီက မျက်လုံးအပြူးသားနဲ့ ...

"ဦးလေးက သိပ်တော်တယ်၊ အင်း ... ကျုပ်တို့ရွာကို 

သူတွေ ဝင်တိုက်ချိန်မှာ ဦးလေးသာရှိနေခဲ့ရင် သိပ်ကောင်းမှာပဲဗျာ အခုတော့ ... ကျုပ်မှာ အွေမဲ့ မျိုးမဲ့ ဖြစ်လို့"

လို့ ပြောစကားမဆုံးခင်ဘဲ မုဆိုးကြီးက အလီရဲ့ခေါင်းကို ပွတ်သပ်လိုက်ရင်း ...

"အလီ ... ပြီးခဲ့တာတွေ ပြန်မတွေးနဲ့၊ ဝမ်းနည်းခြင်းတာ လွဲပြီး ဘာမှ မတတ်နိုင်ဘူး၊ ဘဝဆိုတာ ဝမ်းနည်းပူဆွေးမှုတွေ၊ အလိုလောဘတွေ ပြည့်နှက်နေတဲ့ ဟင်းလေးအိုးကြီးပဲကွ၊ အခုချိန်က စပြီး မင်းဟာ တစ်ကောင်ကြွက်မဟုတ်ဘူး၊ မုဆိုးကြီး ပန်ချူးရဲ့သား ဖြစ်သွားပြီ၊ မင်းကို ငါမွေးစားလိုက်ပြီ"

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

"မှုဆိုး ပန်ချူးနဲ့ အလီ
ဘယ်လို အန္တရာယ်တွေ ကြုံရမလဲ"

# အပိုင်း (၅)

ပါးရဲထိုးပွဲ ...

www.burmeseclassic.com

www.burmeseclassic.com

ညရောက်တဲ့အခါ . . . မုဆိုး ပန်ချူးဟာ အလှီလက်ကိုဆွဲရင်း မန္တလူရွာဘက် ထွက်ခဲ့တယ်။

ရွာထိပ်ရောက်တော့ တဗုံဗုံနဲ့ တီးခတ်နေတဲ့ ဗုံတီးသံကို ကြားလိုက်ရတယ်။



မုဆိုး ပန်ချူးတို့ဟာ ရွာလမ်းအတိုင်း ဝင်ခဲ့ကြရင်း ရွာလယ်ရှိ သစ်တုံးကြီးကို ရောက်တဲ့အခါ မီးပုံကြီးကို ဝိုင်းဖွဲ့ပြီး ကခုန်နေတဲ့ ရွာသားတွေကို တွေ့လိုက်ရတယ်။

ရွာသူကြီးက မုဆိုး ပန်ချူးကို တွေ့တဲ့အခါ ဆီးကြိုနှုတ်ဆက်ပြီး သားမွေးကုလားထိုင်ကြီးမှာ ထိုင်ခိုင်းတယ်။

“မုဆိုးကြီးဟာ ကျုပ်တို့ရွာရဲ့ အသက်အန္တရာယ်ကို ကာကွယ်ခဲ့တဲ့ လူစွမ်းကောင်းပါပဲ၊ ကျားမိစ္ဆာရဲ့ခေါင်းကိုတော့ အစဉ်အလာအတိုင်း နတ်ပူဇော်ပသဖို့ ကျုပ်တို့ စီစဉ်ထားတယ်၊ ကျားမိစ္ဆာကြီးရဲ့ အစွယ်ကိုတော့ သတ္တိရှိတဲ့မုဆိုးကြီးကို လေးစားရာအရ ဂုဏ်ပြု ပေးအပ်ပါတယ်”

မန္တလူရွာသူကြီးဟာ ကျားစွယ်တပ်ထားတဲ့ ဆွဲကြိုးကို မုဆိုးကြီးရဲ့လည်မှာ ဆွဲပေးတယ်။

ရွာသားတွေလည်း လက်ခုပ်လက်ဝါးတီးပြီး ဂုဏ်ပြုကြတယ်။

မုဆိုး ပန်ချူးက လည်မှာဆွဲထားတဲ့ ကျားစွယ်ကို ဆုပ်ကိုင်ရင်း . . .

“ကျုပ်ဟာ တောတွင်းမှာ အနေများတဲ့ တောသပျော်တစ်ဦးပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့ ပင်ကိုစိတ်အတိုင်း စွန့်စားတာကို ဝါသနာပါတဲ့အတွက် ကျား မိစ္ဆာကို နှိမ်နင်းခဲ့ရတာပဲ၊ ကျုပ်အတွက် ဘာအခမ်းအနားမှ မလိုပါဘူး ကျုပ် ... ဒီတော,ဒီတောင်တစ်ပိုက်မှာ ရှိသရွေ့ သားကောင်တွေရဲ့ အန္တရာယ်က နှိမ်နင်းပေးနိုင်ပါတယ်၊ အကူအညီလိုရင် ကျုပ်ကို လိုက်မရှာပါနဲ့၊ ကွဲချိမှတ်ပြီးသာ အချက်ပေးလိုက်ပါ"

လို့ ပြောလိုက်တယ်။

အလီဟာ ရွာသားတွေရဲ့ ချီးကျူးဂုဏ်ပြုတာခံရတဲ့ မုဆိုးကြီးကိုကြည့်ရင်း အားကျနေမိတယ်။

သူ့ရင်ထဲမှာ မုဆိုးကြီးလို တိုက်ခိုက်ရဲတဲ့ လူစွမ်းကောင်းကြီးဖြစ်ချင်စိတ်တွေ တဖွားဖွားပေါ်နေမိတယ်။

ဒီအချိန်မှာပဲ ဓလေ့ ထုံးစံအတိုင်း ပါးရဲထိုးပွဲ စတင်တယ်။

ပါးရဲထိုးဆရာဟာ ထင်းရှူးသားကို မီးမြိုက်ပြီး မြေအိုးနဲ့ မှောက်လိုက်တယ်။

ပြီးတော့ ... ပိန်းချဉ်ရိုးကို အရည်ညှစ်တယ်။

မီးမြိုက်ထားတဲ့ မှိုင်းနဲ့ ပိန်းချဉ်ရိုးကို ရောနယ်ပြီး ကျားမိစ္ဆာရဲ့ သွေးနဲ့ စတင် ပါးရဲထိုးတော့တယ်။



အလီကတော့ မုဆိုးကြီးရဲ့အနား ထိုင်ရင်း ပါးရဲထိုးပုံကို ကြည့်နေတယ်။

ရွာသားတွေဟာ မီးပုံကြီးကို ဝိုင်းဖွဲ့ပြီး တပျော်တပါး တီးမှုတ်တခုန်နေကြတယ်။

အလီဟာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာတဲ့ ကျားခေါင်းပုံကို ကြည့်ရင်း ဖခင် တောင်ပိုင်ကြီးရဲ့ လက်မောင်းက ပါးရဲကို သတိရနေမိတယ်။

သူ့ဖခင်ရဲ့လက်မောင်းမှာ ထိုးထားတဲ့ ပါးရဲက ကြက်ခြေခွင်းပုံဖြစ်ပြီး ...

"အဖေဟာ ယာမြေလုရင်း တိုက်ခိုက်ခဲ့တဲ့ တိုက်ခိုက်ပွဲတွေမှာ အမြဲအောင်ပွဲခံနိုင်ခဲ့တယ်၊ ဒါကြောင့် ကြက်ခြေခွင်းပုံ ပါးရဲကို ထိုးထားတာပဲ၊ ဒါဟာ ... သူ့ရသတ္တိနဲ့ ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အထိမ်းအမှတ် ပါးရဲပေါ့"

ဆိုတဲ့ စကားကို ပြန်ကြားယောင်နေမိတယ်။

ဒီအချိန်မှာပဲ သူ့ကျောကို ဖျတ်ခနဲ ပုတ်တာ ခံလိုက်ရပြီး လှည့်ကြည့်လိုက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ကောင်လေး ... ထိုင်မနေနဲ့ ပျော်ပျော်ပါးပါး ဝင်ကစမ်းပါ"

ဆိုတဲ့ ရှာသူကြီးရဲ့ အသံကို ကြားလိုက်ရတယ်။

အလီလည်း ပူဆွေးသောကကို ဖျောက်ချင်တာနဲ့ ဗုံသံနဲ့အတူ ကခုန်နေတဲ့ လူတွေကြားဝင်ပြီး ကခုန်လိုက်တယ်။

မုဆိုး ပန်ချူးဟာ ပါးရဲထိုးပြီးတဲ့အခါ အလီ့ကို မတွေ့တဲ့အတွက် ရင်ထဲ ထိတ်သွားမိတယ်။

ဒါကြောင့် ဟိုတစ်စု၊ သည်တစ်စု ဝိုင်းဖွဲ့ကခုန်နေတဲ့ လူတွေကြားဝင်ပြီး အလီ့ကို ရှာဖွေမိတယ်။

ဒီအချိန်မှာပဲ မုဆိုးပန်ချူးဟာ သစ်တုံးကြီးအနီးကို ရောက်သွားတယ်။

သစ်တုံးကြီးအနီး ရောက်တော့ မုဆိုးကြီးဟာ သစ်တုံးကိုမှီရင်း ခေါင်းရှည်သောက်နေတဲ့ လူတစ်ဦးကို မြင်တွေ့သွားတယ်။

မုဆိုးကြီးဟာ ထိုလူရဲ့မျက်နှာကို စူးစိုက်ကြည့်ရင်း မျက်စိမျက်နှာ ပျက်သွားမိတယ်။

ဒီအချိန်မှာပဲ ခေါင်းရှည်သောက်နေတဲ့လူဟာ မုဆိုး ပန်ချူးကိုမြင်တွေ့သွားတယ်။



မုဆိုး ပန်ချူးဟာ အလျှင်အမြန် လူအုပ်ကြားထဲ တိုးဝင်လိုက်တယ်။

ခေါင်းရှည်သောက်နေတဲ့ လူဟာလည်း ထိုင်ရာက ဆတ်ခနဲထရပ်လိုက်ရင်း ... သူ့နောက်ကို လိုက်လာတယ်။

မုဆိုး ပန်ချူးဟာ အကသမားများနဲ့ ရောနှောရင်း အလီ့ကို အလျှင်အမြန် ရှာဖွေတော့တယ်။

ဗုံသမားတွေနားရောက်တော့ ... လက်ခုပ်တီး အားပေးနေတဲ့ အလီ့ကို တွေ့လိုက်ရတယ်။

မုဆိုး ပန်ချူးဟာ အလီရှိရာကို ပြေးသွားပြီး လက်ကို ဆောင့်ဆွဲခေါ်ခဲ့တယ်။

အလီဟာ နားမလည်နိုင်စွာနဲ့ဘဲ မုဆိုးကြီးလက်မှာ ပါခဲ့ရတယ်။

အလီဟာ မုဆိုးကြီးကို မကျေမချမ်းကြည့်လိုက်ရင်း ...

"လက်ကို လွှတ်ပါဗျ။ နာလှပြီ ... ကျုပ်က ဗုံသမားတွေနဲ့ ပျော်နေတာ၊ ဘာလို့ ပြန်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အလီ ... ဘာမှမသိဘဲ လျှောက်မပြောနဲ့၊ ငါတို့မှာ အန္တရာယ်ရှိနေပြီ၊ အိမ်အမြန်ရောက်မှ ဖြစ်မယ်"

မုဆိုး ပန်ချူးဟာ အလီ့လက်ကိုဆွဲပြီး သူနေထိုင်ရာ တောင်စောင်းအိမ်လေးကို အသည်းအသန် ပြေးလွှားသွားတယ်။

တောင်စောင်းအိမ်ကို ရောက်တဲ့အခါ မုဆိုးကြီးဟာ အိမ်တံခါးတွေကို လုံအောင်ပိတ်လိုက်ရင်း ...

"အလီ ... ဒီညကစပြီး သတိနဲ့သာနေပေတော့၊ ငါ့အနားကခွာပြီး လျှောက်မသွားနဲ့ ... ကြားလား"

အလီလေးဟာ စိတ်ရှုပ်ထွေးဟန်နဲ့ ခေါင်းကို ကုတ်ဖွလိုက်ရင်း

"ဘာတွေ ဖြစ်နေတာလဲ ဦးလေးရာ ... ကျုပ်ကို နားလည်အောင် ပြောပါဦး။ ဦးလေးမှာ ဘာအန္တရာယ်တွေ ရှိနေလို့လဲ"

လို့ မေးလိုက်မိတယ်။

မုဆိုး ပန်ချူးဟာ မီးလင်းဖိုကို မီးပျိုးလိုက်တယ်။

ထင်းချောင်းနဲ့ သစ်ရွက်တွေကို မီးဖိုထဲ ထိုးထည့်ပြီးတဲ့အခါ ...

"မင်းသိချင်ရင် ငါပြောပြမယ်၊ ငါပြောမယ့်အကြောင်းဟာ



ထူးဆန်းကယ့်အဖြစ်ဆိုပေမယ့် ပုံပြင်တစ်ပုဒ်လိုပဲ၊ ဒီတော့ ပုံပြင်တစ်ပုဒ်လိုပဲ နားထောင်ပါ"

လို့ အစချီလိုက်တယ်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

"ပုံပြင်က ...ဘာလဲ"

# အပိုင်း (၆)

ကျားပုံပြင်

www.burmeseclassic.com

ထမန်သီဆိုတဲ့ ရွာရဲ့အစွန်မှာ မြေးအဘိုးနှစ်ယောက် နေထိုင်ကြတယ်။ ရွာရှိလူတွေဟာ အဲ့ဒီမြေးအဘိုးကို အရေးတဝင်မလုပ်ကြဘူး။ သူတို့ နှစ်ယောက်ကို ရွာထဲ အဝင်မခံသလို ... သူတို့ကို မြင်မိရင်လည်း မကောင်းဆိုးဝါးမြင်သလို ရှောင်ရှားသွားကြတယ်။



တစ်နေ့မှာ အဘိုးဖြစ်သူဟာ တောထဲသွားရင်း ပြန်မလာခဲ့ဘူး။

အိမ်မှာကျန်ခဲ့တဲ့ မြေးလေးဟာ အဘိုးပြန်လာချိန်ကို မြော်ကာနေ အချိန်တိုင်း စောင့်မျှော်ခဲ့တယ်။

ရက်တွေကြာလာတဲ့အခါ ... မြေးလေးဟာ အဘိုးအတွက် စိတ်ပူပြီး ရွာလူကြီးကို အကြောင်းကြား၊ အကူအညီတောင်းဖို့ ရွာထဲ ဝင်ခဲ့တယ်။

ဒီအခါမှာ ရွာသားတွေဟာ မြေးလေးကို တုတ်၊ ခဲ တွေနဲ့ ပိုင်းပေါက်ပြီး ရွာထဲမဝင်ဖို့ တားမြစ်ကြတယ်။

ရွာသူကြီးနဲ့တွေ့တဲ့အခါ မြေးလေးက အဘိုးရဲ့အကြောင်းကို ပြောပြပြီး ဝိုင်းဝန်းရှာဖွေပေးဖို့ တောင်းဆိုခဲ့တယ်။

ဒါပေမဲ့ ... ရွာသူကြီးနဲ့ ရွာသားတွေဟာ မြေးလေးကို နှင်နှင်သီးသီးစကားတွေ ပြောပြီး ရွာကနှင်ထုတ်ကြတယ်။

ဘယ်လိုမှ တောင်းပန်မရတဲ့အဆုံး မြေးလေးဟာ ဒဏ်ရာ အပွန်းနဲ့ တဲအိမ်လေးဆီ ပြန်ခဲ့ရတယ်။

သူ့ရင်ထဲမှာတော့ နာကြည်းကြေကွဲစိတ်တွေက ပြည့်နှက်နေခဲ့တယ်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီညမှာပဲ ထမန်သီးရွာထဲကို ကျားဆိုးတစ်ကောင်ဝင်ပြီး တိရိစ္ဆာန်တွေကို ဆွဲသွားတယ်။

ထမန်သီရွာသားတွေဟာ ရွာကို ကျားဝင်ဆွဲတဲ့အတွက် အထိတ်တလန့်ဖြစ်ပြီး အိမ်ပြင်တောင် မထွက်ဝံ့တော့ဘူး။

ကျားဆိုးကလည်း နေ့စဉ် ဝင်ပြီး ရွာမှာရှိသမျှ တိရိစ္ဆာန်တွေကို ဆွဲတော့တယ်။

တစ်ချိန်မှာတော့ ကျားဆိုးဟာ ရွာစပ်မှာထိုင်ပြီး အလေးစွန့်နေတဲ့ ကလေးတစ်ယောက်ကို ကိုက်ချီဆွဲသွားတယ်။

ကလေးငယ် ကျားဆွဲခံရတဲ့အတွက် ထမန်သီရွာသားတွေဟာ အကြီးအကျယ် သွေးပျက်သွားကြတယ်။

ဒါကြောင့် . . . သူတို့ရဲ့ အားကိုးရာဖြစ်တဲ့ နတ်ဆရာအိမ်သွားပြီး နတ်ပူဇော်ခဲ့ကြတယ်။

နတ်ဆရာက ကျားဆိုးရန်ကာဝေးဖို့အတွက် ရွာပြင်မှာနေတဲ့ မြေးလေးကို ရွာကနေ အပြီးအပိုင်မောင်းထုတ်ရမယ်လို့ ပြောလိုက်တယ်။

နတ်ဆရာရဲ့စကားကြောင့် ရွာလူကြီးနဲ့ ရွာသားတွေဟာ မြေး



လေးရှိရာ ချီတက်ခဲ့ကြတယ်။

မြေးလေးနေထိုင်ရာ တဲအိမ်လေးကို ရောက်တဲ့အခါ မီးတုတ်တွေနဲ့ ဝိုင်းပစ်ကြတယ်။

မြေးလေးဟာ မီးလောင်နေတဲ့အိမ်ကို ကြည့်ရင်း သွေးပျက်ချောက်ချားသွားတယ်။

သူတို့မြေးအဘိုးအပေါ် အယူသီးစွာဆက်ဆံတဲ့ ရွာသားတွေကိုလည်း နာကြည်းမုန်းတီးစိတ်တွေ လှိုက်တက်လာတယ်။

ရွာသားတွေပစ်တဲ့ မီးတုတ်တွေကြောင့် တဲအိမ်တစ်ခုလုံး မီးတုန်းဟုန်းတောက်လောင်နေတယ်။

မြေးကလေးဟာ တဲထောင့်မှာ ထိုင်နေရာက မတ်တတ်ထရပ်လိုက်တယ်။ ပြီးတော့ . . . လက်သီးကိုဆုပ်ရင်း မီးလျှံကြားကနေ ခုန်လွှားလိုက်တယ်။

မြေးလေးဟာ တဲနောက်ဖေးဘက်ကို ခုန်ချပြီး ခြေဦးတည့်ရာ ပြေးထွက်သွားတော့တယ်။

သူဟာ ဝမ်းနည်းခြင်းအခြေအနေမှာ ထိုင်ရင်း အမေ့အမြဲနေခဲ့တဲ့နေရာမှာပဲ အော်ဟစ်သံတစ်ခုကို ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ... စမ်းချောင်းဘက်ကို မျှော်ကြည့်လိုက်တော့ ရေလယ်မှာ အော်ဟစ်အကူအညီတောင်းနေတဲ့ လူတစ်ယောက်ကို မြင်လိုက်ရတယ်။

မြေးလေးဟာ ကြာကြာ မစဉ်းစားတော့ဘဲ ရေထဲကို အလျင်အမြန် ဆင်းခဲ့တယ်။

အနီးရောက်တော့မှ ရေနစ်နေတဲ့သူဟာ မိန်းမပျိုတစ်ယောက် ဖြစ်နေတာကို သိလိုက်ရတယ်။

မြေးလေးဟာ မိန်းမပျိုကိုတွဲခေါ်ရင်း ကမ်းစပ်ကို ကူးခပ်ခဲ့တယ်။

ကမ်းပေါ်ရောက်တဲ့အခါ မိန်းမပျိုက သူ့ကိုကယ်ဆယ်တဲ့ အတွက် ကျေးဇူးတင်ကြောင်းပြောတယ်။

မြေးလေးရဲ့အကြောင်းကိုလည်း မေးမြန်းခဲ့တယ်။

မြေးလေးဟာ သူ့ဘဝဇာတ်ကြောင်းကို မိန်းမပျိုကို ရင်ဖွင့် ပြောပြလိုက်တယ်။

မိန်းမပျိုဟာ မြေးလေးရဲ့အဖြစ်ကို အသနားကရုဏာသက်သွား ပြီး သူ့အိမ်လိုက်နေဖို့ ဖိတ်ခေါ်ခဲ့တယ်။



မြေးလေးဟာ ငြင်းဆန်ပေမယ့် မိန်းမပျိုက သူဟာ အစ်ကို ဖြစ်သူနဲ့ နေထိုင်ကြောင်း၊ အစ်ကိုဖြစ်သူဟာ ရိုးအေးသူတစ်ယောက် ဖြစ်ပြီး ယာလုပ်ငန်းကိုပဲ လုပ်ကိုင်ကြောင်း၊ မြေးလေးလိုက်နေရင်လည်း ဘာမှမဖြစ်ကြောင်း ပြောဆိုခဲ့တယ်။

ဘယ်လိုမှ ငြင်းမရတဲ့အဆုံးမှာတော့ မြေးလေးဟာ မိန်းမပျို နဲ့အတူ လိုက်သွားခဲ့တယ်။

မိန်းမပျိုနေထိုင်တဲ့ရွာကိုရောက်တော့ မိန်းမပျိုဟာ အစ်ကို ယာသမားကြီးနဲ့ မြေးလေးကို မိတ်ဆက်ပေးခဲ့တယ်။

မြေးလေးဟာ သူ့ရဲ့အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ဖြစ် ကြောင်း၊ ဒီအိမ်မှာ နေထိုင်ဖို့အတွက် ခေါ်လာတာဖြစ်ကြောင်း ပြောပြ ခဲ့တယ်။

ရိုးအေးတဲ့ အစ်ကို ယာသမားကြီးဟာ ညီမဖြစ်သူရဲ့စကားကို ဘာမှ မကန့်ကွက်ခဲ့ဘူး။

ဒါကြောင့် မြေးလေးဟာ မိန်းမပျိုတို့ မောင်နှမနဲ့အတူ နေထိုင်ခဲ့ တော့တယ်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီရွာမှာ ...မြေးလေး ဘာဆက်ဖြစ်ခဲ့လဲ"

# အပိုင်း (၇)

လှူဖျိုဝန် ...

www.burmeseclassic.com

www.burmeseclassic.com

## (၅) [illegible]

... [illegible]

မိန်းမပျိုတို့ရွာမှာ ဦးလူဝဆိုတဲ့ သူဌေးတစ်ဦး ရှိတယ်။

ဦးလူဝက တောင်ယာတွေသာမက စောင်၊ အိုး၊ သံ စတဲ့ ပစ္စည်းတွေကို အရောင်းအဝယ်လုပ်တဲ့ ကုန်သည်ကြီးတစ်ဦးပါ။

ဦးလူဝရဲ့ အာဏာစက်ဟာလည်း ရွာသူကြီး အတော်များများ



အထိ ဖြန့်ကြက်နိုင်တယ်။

မြေးလေးဟာ အဲဒီရွာကိုရောက်ပြီး မကြာခင်မှာ ပဲ ဦးလူဝရဲ့ သမီး "အကုန်" ဟာ ခမ္မတီးကနေ ပြန်ရောက်လာတယ်။

မြေးလေးဟာ မေးစေ့မှာ ပါးရဲကို ယဉ်ယဉ်လေးဆိုးထားတဲ့ အကုန့်ကို မြင်မြင်ချင်းပဲ စိတ်လှုပ်ရှားသွားမိတယ်။

တစ်ညလူပျိုပန်မှာ အကုန်နဲ့တွေ့ပြီး ချစ်ရေးဆိုခဲ့တယ်။

အကုန်ကလည်း မြေးလေးရဲ့ အချစ်ကို လက်ခံခဲ့တယ်။

ဒါကြောင့် သူတို့နှစ်ယောက်ဟာ လူပျိုပန်မှာ ချစ်ကြိုက်ပြီး ချစ်တင်းနှီးနှောခဲ့ကြတယ်။

တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်အောင်ကို သူတို့ရဲ့ချစ်ကြိုးက ခိုင်မြဲခဲ့ကြတယ်။

ဒီအချိန်မှာပဲ မြေးလေးနေထိုင်တဲ့ အိမ်က မိန်းမပျိုဟာ ရွှေတွင်းလုပ်သားတစ်ယောက်နဲ့ ချစ်ကြိုးသွယ်ခဲ့ကြတယ်။

ကုန်သည်ကြီးဦးလူဝက သူ့သမီး "အကုန်" နဲ့ မြေးလေးတို့ရဲ့ အချစ်ဇာတ်လမ်းကို သိတဲ့အခါ ယမ်းပုံမီးကျ ပေါက်ကွဲတော့တယ်။

မြေးလေးရဲ့နောက်ကြောင်းကို သိရဖို့ သူ့လူတွေကို လွှတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းခဲ့တယ်။

ဒီအခါမှာ မြေးလေးရဲ့ရွာနှင်ခံရတဲ့အဖြစ်ကို သိရှိသွားတယ်။

ကုန်သည်ကြီး ဦးလှဝဟာ မြေးလေးနဲ့သူ့သမီးကို အပြင်းအထန် ကန့်ကွက်ခဲ့တယ်။

ကုန်သည်ကြီးဟာ သူ့သမီးကို ပြောရုံတင်အားမရဘဲ ... မြေးလေးကိုပါ သူ့အိမ်ခေါ်ပြီး မတော်မတန်စကားတွေ ပြောဆိုခဲ့တယ်။

မြေးလေးဟာ ချစ်သူနဲ့ ရှင်ကွဲ အခွဲခံရတာထက် သူ့ဘဝကို ချိုးချိုးဖွဲဖွဲပြောတဲ့ ဦးလှဝကို အရမ်းစိတ်နာသွားတယ်။

ဦးလှဝရဲ့ တပည့်တွေကလည်း မြေးလေးကို ရွာမှာမနေနိုင်အောင် နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်ကြတယ်။

ဦးလှဝဟာ သူ့သမီး အကုန်ကို အိမ်ပြင် ပေးမထွက်တော့သလို ... စောင်ကုန်သည်တစ်ဦးနဲ့ လက်ထပ်ပေးဖို့လည်း စီစဉ်ခဲ့တယ်။

မြေးလေးဟာ ဦးလှဝရဲ့တပည့် ရွာလူမိုက်တွေရဲ့ ယုတ်မာရိုင်းစိုင်းမှုတွေကို သည်းမခံနိုင်တဲ့အဆုံးမှာတော့ ရွာကထွက်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။

ဒီအချိန်မှာပဲ မြေးလေးနေတဲ့အိမ်က မိန်းမပျိုဟာ ပြဿနာ



ပေါ်တော့တယ်။

ရွှေတွင်းလုပ်သား သူ့ချစ်သူဟာ အချစ်နှယ်လွန်ပြီးပါမှ မိန်းမပျိုကို ကိုယ်ယောင်ဖျောက်သွားခဲ့တယ်။

မိန်းမပျိုဟာ လူလွှတ်ပြီး ချစ်သူတစ်ရွာသားရဲ့ သတင်းကို စုံစမ်းပေမယ့် ပျောက်ခြင်းမလှ ပျောက်သွား တော့တယ်။

မိန်းမပျိုဟာ အစ်ကို ယာသမားကြီးသိရင် အကြီးအကျယ်ပြဿနာတက်မှာစိုးတဲ့အတွက် ကြောက်လန့်ပြီး သူ့ကိုယ်သူ အဆုံးစီရင်ဖို့ ဆုံးဖြတ်ခဲ့တယ်။

ဒါကြောင့် ... တောင်ထိပ်ကိုသွားပြီး တောင်ပေါ်က ခုန်ချဖို့စီရင်ခဲ့တယ်။

ဒီအချိန်မှာပဲ တောင်ထိပ်က ခုန်ချဖို့ကြိုးစားတဲ့ မိန်းမပျိုကို မြေးလေး တွေ့သွားတယ်။

မြေးလေးဟာ အကြီးအကျယ် ထိတ်လန့်သွားပြီး မိန်းမပျိုကို တားမြစ်ခဲ့တယ်။

မိန်းမပျိုဟာ သူမရဲ့အခြေအနေကို မြေးလေးကို ရင်ဖွင့်ပြောရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးရဲ့အကြောင်းကို သိလိုက်ရတဲ့ မြေးလေးဟာ မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ဂုဏ်သိက္ခာကို စာနာသနား သွားတယ်။

ဒါကြောင့် မိန်းမပျိုကို လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်တယ်။

မြေးလေးဟာ မိန်းမပျိုကို လက်ထပ်ခွင့်တောင်းဆိုလိုက်တယ်။

မိန်းမပျိုဟာ ကုန်သည်ကြီး ဦးလှဝရဲ့သမီးနဲ့ မြေးလေးတို့ အကြောင်းကို သိထားတဲ့အတွက် မြေးလေးအတွက် စိတ်မကောင်း ဖြစ်သွားမိတယ်။

ယောက်ျားဖြစ်ပြီး တာဝန်မယူစိတ်မဲ့တဲ့ ချစ်သူ တစ်ရွာသား ကိုလည်း ပိုပြီး ရွံရှာ စက်ဆုပ်သွားတယ်။

မြေးလေးရဲ့ အကြိမ်ကြိမ်တောင်းဆိုမှုကြောင့် မိန်းမပျိုဟာ လက်ထပ်ဖို့ သဘောတူလိုက်တယ်။

မြေးလေးနဲ့ မိန်းမပျိုဟာ အစ်ကိုယောသမားကြီးကို ဖွင့်ပြောပြီး လက်ထပ်ဖို့ စီစဉ်ခဲ့ကြတယ်။

ဘာမှမသိရှာတဲ့ အစ်ကိုယောသမားကြီးဟာ မြေးလေးနဲ့ ညီမ[illegible]ရဲ့ မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်ဖို့ လုပ်ခဲ့တယ်။

[illegible] နှမရဲ့ မင်္ဂလာပွဲပြီးရင် တောင်ပေါ်မှာရှိတဲ့ တောင်တန်းသာသ[illegible]ပြုကျောင်းကို သွားပြီး [illegible]ထွက်ဖို့လည်း ဆုံးဖြတ်ထားတယ်။

မြေးလေးရဲ့ လက်ထပ်သတင်းကို အကုန် ကြားတဲ့အခါ [illegible] သူ့ကို စိတ်နာပြီး လက်ထပ်တာလို့ ထင်သွားတယ်။

အစ်ကို ယောသမားကြီးဟာ နှမအတွက် အိမ်သစ်တစ်လုံးကို သီးသန့်ဆောက်ပေးထားတယ်။

မင်္ဂလာပွဲကို အိမ်သစ်မှာ ကျင်းပဖို့ စီစဉ်ခဲ့တယ်။

နာဂတိုင်းရင်းသားတွေရဲ့ ထုံးစံအတိုင်း မင်္ဂလာပွဲကို ညဘက် မှာ ပြုလုပ်မှာလည်း ဖြစ်တယ်။

လက်ထပ်ပွဲည ရောက်တဲ့အခါ ရွာလူကြီးအချို့က မြေးလေးရဲ့ [illegible]အိမ်နေရာက [illegible]နေကြတယ်။

အပျိုရဲ့ မိန်းကလေးတွေဟာလည်း မိန်းမပျိုကို အမျိုးမျိုး [illegible] [illegible]နေကြတယ်။

အစ်ကို ယောသမားကြီးက နှမရဲ့ မင်္ဂလာအတွက် [illegible] ရဲ့ ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းခဲ့တဲ့ ယောက်ျား[illegible] [illegible]ကို ပေးအပ်ခဲ့တယ်။

www.burmeseclassic.com



နာဂလူမျိုးတွေဟာ မြို့တောင်ကို လျှော်ဖွပ်တဲ့လေ့ မရှိဘ
ကြောင့်တောင်ကြီးဟာ ကြမ်းနိုးမှိုင်းတက်နေတယ်။

မြေးလေးကလည်း မိန်းမပျိုကို မင်္ဂလာအထိမ်းအမှတ်အနေ
ဆင်စွယ်လက်ကောက်တစ်ကွင်း ပေးအပ်ခဲ့တယ်။

မင်္ဂလာအစီအစဉ်အတိုင်း သတို့သား–သတို့သမီး ထမင်းလေ
ဆုံ စားနေချိန်မှာတော့ ...

"မီး မီး ... မီးဗျို့"

ဆိုတဲ့အသံကို ကြားလိုက်ရတယ်။

မီးဆိုတဲ့ အသံကြောင့် မင်္ဂလာပွဲလာ ပရိသတ်ကြီးဟာ လှုပ်
လှုပ်ရှားရှား ဖြစ်သွားကြတယ်။

မီးဟာ မင်္ဂလာအိမ်သစ်ကြီးရဲ့ အနောက်ဘက် ထန်းရွက်အမိုး
က စပြီးလောင်နေတာ။

ထန်းရွက်မိုးကစနေ ဝါးထရံနဲ့ ကြမ်းခင်းတွေကို ငွေလောင်ချိန်မှာ
တော့ မြေးလေးဟာ သတို့သမီးရဲ့လက်ကို ဆွဲပြီး အိမ်အောက်မြေ
ဆင်းခဲ့တယ်။

ရွာသားတွေဟာ မီးကို ငြိမ်းခန်းငြိမ်းသတ်ကြပေမယ့် မီးက



အရှိန်ကြီးကြီးနဲ့ကို တောက်လောင်နေပြီ။

မိန်းမပျိုဟာ လက်ကို ငုံ့ကြည့်လိုက်တော့ မင်္ဂလာအထိမ်း
အမှတ်ဖြစ်တဲ့ ဆင်စွယ်လက်ကောက်လေးကို မတွေ့ရတော့ဘူး။

ချက်ချင်းဆိုသလို ... မိန်းမပျိုဟာ မီးတောက်နေတဲ့ အိမ်
ပေါ်ကို ပြေးတက်သွားတယ်။

လူတွေဟာ မီးလောင်ပြင်ထဲပြေးဝင်သွားတဲ့ သတို့သမီးကို
ကြည့်ပြီး အကြီးအကျယ် ထိတ်လန့်သွားကြတယ်။

မြေးလေးဟာလည်း သတို့သမီးရဲ့လုပ်ရပ်ကြောင့် ခေါင်းမှား
ပန်းကြီးသွားပြီး မီးတောက်ထဲပြေးဝင်ဖို့ ပြင်လိုက်တယ်။

ရွာသားတွေဟာ မြေးလေးရဲ့လက်ကို အလျှင်အမြန် ဝိုင်းဆွဲ
ရင်း ဖမ်းချုပ်ထားလိုက်ကြတယ်။

မီးလောင်ပြင်ထဲ ပြေးဝင်သွားတဲ့ သတို့သမီးနောက်လိုက်ဖို့
လည်း အားချင်း ပြိုင်နေကြတယ်။

ဒီအချိန်မှာပဲ သတို့သမီးဟာ မီးတောက်တွေကြားကနေ လက်
ကောက်လေးကို လိုက်ရှာနေတော့တယ်။

ကံကောင်းချင်တော့ ထမင်းစားပွဲရှေ့အောက်မှာ ကျနေတဲ့ ဆင်

www.burmeseclassic.com

www.burmeseclassic.com



စွယ်လက်ကောက်လေးကို ပြန်တွေ့လိုက်ရတယ်။

သတို့သမီးဟာ လက်ကောက်ကို အလျင်အမြန် မြေးကောက်ရင်း အိမ်ထဲကပြန်ထွက်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ ထုပ်တန်းအဖြစ်ပြုလုပ်ထားတဲ့ ဝါးတိုင်ကြီးဟာ သူ့ရှေ့ကို ပြုတ်ကျလာတယ်။

သတို့သမီးဟာ မီးဟုန်းဟုန်းတောက်လောင်နေတဲ့ ဝါးတိုင်ကြီးအောက်က ရုန်းမထွက်နိုင်ဘဲ သူ့ရဲ့ ဖူးဝါးတဲ့ အော်ဟစ်သံကြီးကိုတော့ တစ်ရွာလုံး ကြားလိုက်ရတယ်။

ရွာသားတွေရဲ့ကြိုးစားမှုကြောင့် မီးငြိမ်းသွားချိန်မှာတော့ မီးလောင်ဇာတ်ရာတွေနဲ့ သတို့သမီးရဲ့ ရုပ်အလောင်းကိုပဲ တွေ့လိုက်ရတယ်။

သတို့သမီးရဲ့လက်မှာတော့ ဆင်စွယ်လက်ကောက်လေးကို ဆုပ်ကိုင်ထားတာ တွေ့လိုက်ရတယ်။

ဒါကိုမြင်လိုက်ရတဲ့ မြေးလေးဟာ အရမ်းစိတ်ထိခိုက်သွားရှာတယ်။

ဒါကြောင့် ... ယူကျုံးမရစိတ်နဲ့အတူ အရူးတစ်ပိုင်းလိုအော်ဟစ်ငိုလိုက်တော့တယ်။

နောက်တော့ ... အိမ်မီးလောင်တဲ့အကြောင်း စုံစမ်းတဲ့အခါ ကုန်သည်ကြီး ဦးလူဝရဲ့တပည့်တွေ လက်ချက်ဆိုတာ သိလိုက်ရတယ်။

ဒါကိုသိလိုက်ရတဲ့ မြေးလေးဟာ ကုန်သည်ကြီး ဦးလူဝကို လက်တုံ့ပြန်ဖို့ ကမ္ဘာမကျေတမ်း ကြွေးကြော်ခဲ့တယ်။

အစ်ကို ယာသမားကြီးဟာလည်း ကုန်သည်ကြီးသမီး အကုန်နဲ့ မြေးလေးရဲ့အကြောင်း သိသွားတဲ့အခါ သူ့နှမသေရတာ မြေးလေးကြောင့်ဆိုပြီး ယမ်းပုံမီးကျခဲ့တယ်။

မြေးလေးကို သတ်မယ်တကဲကဲ ကြုံးဝါးခဲ့တယ်။

မြေးလေးက အစ်ကိုယာသမားကြီးကို အမျိုးမျိုး ရှင်းပြခဲ့ပေမယ့် ယာသမားကြီးက လုံးဝ လက်မခံဘူး။

ဒါကြောင့် မြေးလေးဟာ သူ့မိန်းမကိုသတ်တဲ့ ကုန်သည်ကြီး ဦးလူဝကို လက်တုံ့မပြန်ရသေးသရွေ့ ယာသမားကြီးသတ်တာ မခံနိုင်ဘူးဆိုပြီး ရွာကထွက်ခွာခဲ့တယ်။

ကြုံမှာဆိုးအမျိုးမျိုး ကြုံတွေ့ရတဲ့ မြေးလေးဟာ ဆင်စွယ်လက်ကောက်လေးကို ဆုပ်ကိုင်ရင်း ယာသမားကြီးလက်ဖွဲ့တဲ့ လှိုင်ခုတ်စောင်

www.burmeseclassic.com

www.burmeseclassic.com



ကို ခြုံလွှမ်းပြီး လိုင်းနောက်ရွာလေးနဲ့ အဝေးဆုံးကို ထွက်ခွာသွား
တော့တယ်။

✧ ✧ ✧

# “မြေးလေးကဘယ်သူလဲ”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

အဆိပ် ...ငါး ...

ပုံပြင်ပြီးဆုံးတဲ့အခါ အလီဟာ မုဆိုးကြီးကို မျက်မှောင်ကြုတ်ကြည့်ရင်း ...

"ပုံပြင်ထဲက မြေးလေးက ဘယ်ကို ထွက်သွားတာလဲ၊ အင်္ဂလိပ် ... သူ့ကို လိုက်မရှာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တဲ့အခါ မုဆိုးကြီးက သက်ပြင်းချလိုက်ပြီး . . .

"ပုံပြင်ထဲက မြေးလေးဟာ မုဆိုးကြီးပန်ချူးဆိုတဲ့ ငါပါပဲ၊ မိန်းမပျိုလေးရဲ့နာမည်က အနော်တဲ့၊ ငါတို့ လက်ထပ်တဲ့နေ့မှာ မီးလောင်မှုကြောင့် သေဆုံးရရှာတဲ့ ငါ့မိန်းမပဲ၊ အစ်ကို ယာသမားကြီးကတော့ မန့်လူရှာရဲ့ ပါးရဲထိုးပွဲမှာ သစ်တုံးကြီးနားထိုင်ပြီး ခေါင်းရည်သောက်နေတဲ့ မုတ်ဆိတ်မွေးနဲ့ လူကြီးပဲကွ . . .၊

အခု . . . အစ်ကို ယာသမားကြီးဟာ ငါ့ကို ခြေရာခံမိသွားပြီ၊ သူက နှမဖြစ်တဲ့ အနော့်ကို သိပ်ချစ်တာကွ၊ ငါဟာ သူ့နှမကို သတ်တဲ့လူလို့ ထင်နေရှာတယ်၊ အဲဒီထင်မြင်ချက်နဲ့ပဲ ငါ့ကို တွေ့ရာသချိုင်း ဓားမဆိုင်းတမ်း လိုက်ရှာနေတဲ့သူပေါ့၊ အနော်ဟာ ငါ့ကြောင့် မီးလောင်မှုဖြစ်ပြီး သေဆုံးခဲ့ရတယ်၊ ဒါပေမဲ့ . . . ဒါဟာ လူယုတ်မာ ကုန်သည်ကြီးရဲ့ လက်ချက်ကြောင့်ပဲ၊ ငါဟာ ကုန်သည်ကြီး ဦးလူဝနဲ့ စာရင်းမရှင်းရမချင်း အစ်ကိုကြီးနဲ့ အတွေ့ခံလို့မဖြစ်ဘူး၊ ရှောင်နေတာဟာ ဒီအချိန်မှာ အကောင်းဆုံးပါပဲကွာ၊ ကဲ အလီ . . . မင်းလည်း အိပ်လို့ရမှာ မဟုတ်ဘူး၊ ဒီတော့ ငါတို့ ဒီနေရာက ထွက်ရမယ်၊ လို အပ်တဲ့ပစ္စည်းတွေအားလုံး ပလိုင်းနဲ့ ထည့်ထားပြီးပြီ၊ မနက် နေရောင် [illegible]အာနဲ့ တောနက်ထဲ ဝင်ကြမယ်"

လို့ ပြောလိုက်တယ်။

အလီဟာ မထင်မှတ်တဲ့စကားကြောင့် မျက်လုံးပြူးသွားရင်း

"ဟင် . . . တောထဲသွားရမယ် ဟုတ်လား၊ တောနက်ထဲမှာ [illegible]ရိုင်းတွေရှိတယ်မဟုတ်လား . . . ကျုပ်တို့ ဘယ်လိုနေကြမလဲ"

လို့ အထိတ်တလန့် မေးလိုက်မိတယ်။

ဒီအခါမှာ မုဆိုး ပန်ချူးက . . .

"ဒီအတွက် ဘာမှမစိုးရိမ်နဲ့၊ ငါဟာ ဒီတော ဒီတောင်တစ်[illegible]မှာ အတျွမ်းကျင်ဆုံး မုဆိုးတစ်ယောက်ပဲ၊ ရဲရဲသာလိုက်ခဲ့၊ ဘာမှ [illegible]ကြောက်စရာမလိုဘူး"

လို့ စိတ်လှုပ်ရှားနေတဲ့ အလီရဲ့ခေါင်းကို ပုတ်ပြီး ပြောလိုက်[illegible]ယ်။

အလီကတော့ တောဆင်ရိုင်းတွေ ကျက်စားတဲ့ တောနက်ထဲ [illegible]ရမယ့်အရေး တွေးမိပြီး ဇောချွေးပျံနေတယ်။

ရောင်နီပျိုးစအချိန်မှာတော့ မုဆိုးပန်ချူးနဲ့ အလီဟာ ပလိုင်း[illegible]ယ်စီလွယ်ပြီး တောင်စောင်းအိမ်လေးကို စွန့်ခွာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးပန်ချူးက တောကျွမ်းမုဆိုးဖြစ်ပေမယ့် ခက်ခဲတဲ့ တောင်တက်လမ်းတွေကြောင့် အလီ့ခမျာ ချွေးဒီးဒီးကျနေရှာတယ်။

နှစ်ယောက်သား တောင်တွေကို ဖြတ်ကျော်ရင်း ယာခင်းတ ခင်းကို ရောက်တော့ အပန်းဖြေကြတယ်။

အလီဟာ ဝါးကျည်တောက်ထဲက ရေကို အငမ်းမရ မော့ သောက်ရင်း ဆူးခြစ်ရာတွေကို ရေနဲ့ပွတ်သပ်လိုက်တယ်။

မုဆိုးပန်ချူးက ဆေးရွက်ကြီးဖတ်ကို ဝါးရင်း ...

"ရေကို ဗိုက်ကားအောင် မသောက်နဲ့ကွ၊ အာခွတ်ရုံပဲ သောက်ရတယ်၊ ဒါမှ ခရီးရှည်ဆက်နိုင်မှာပေါ့၊ ဗိုက်ကြီးတောင့်ကယ် နေရင်ခရီးဖင့်တတ်တယ်"

လို့ လှမ်းပြောလိုက်တယ်။

မုဆိုးကြီးရဲ့စကားကြောင့် အလီဟာ ရေကို ဆက်မသောက် တော့ဘဲ ရပ်လိုက်ရတယ်။

ဒီအချိန်မှာပဲ မုဆိုးကြီးက ...

"အလီ ... နားထောင်ကြည့်စမ်း၊ ရေစီးသံတွေ ကြားနေရ တယ်၊ ဒီနားမှာ စမ်းချောင်းရှိမှာ သေချာတယ်ကွ ... ရှာကြည့်ရမယ်"

လို့ လှမ်းပြောလိုက်တယ်။

မုဆိုးပန်ချူးနဲ့ အလီဟာ ယာခင်းရှည်ကြီးကို ဖြတ်ရင်း ရေသံကို နားစွင့်ကြတယ်။

အတန်ကြာအောင် လျှောက်မိတော့မှ စမ်းချောင်းတစ်ခုကို တွေ့လိုက်ရတယ်။

အလီဟာ စမ်းချောင်းရှိရာကို ဝမ်းသာအားရ ပြေးသွားရင်း ရေထဲကို ဆင်းဖို့ ပြင်လိုက်တယ်။

မုဆိုးပန်ချူးက အလီ့လက်ကို လှမ်းဆွဲလိုက်ပြီး ...

"နေပါဦးကွ ... မင်း ငါးစားချင်သလား"

လို့ မေးလိုက်တဲ့အခါ အလီဟာ နှုတ်ခမ်းစူလိုက်ရင်း ...

"စားချင်တာပေါ့ဗျ၊ ဦးလေးက ဖမ်းမလို့လား ... ဘာပစ္စည်းမှလည်း မပါဘဲနဲ့"

လို့ ပြောလိုက်တယ်။

မုဆိုးပန်ချူးဟာ အလီ့စကားကို သဘောကျစွာ ပြုံးလိုက်ရင်း ...

"မင်းကို မျက်လှည့်ပြမယ် ...

www.burmeseclassic.com

www.burmeseclassic.com



ငါးတွေ ကုန်းပေါ် တက်လာစေရမယ်ကွာ။ ကဲ ... ဘယ်လို လဲ''

လို့ မေးလိုက်တဲ့အခါ အလီက ...

''မဖြစ်နိုင်ဘူး ... ငါးက ကုန်းပေါ် ဘယ်လိုတက်မှာလဲ ... ဦးလေးနော် ကျူပ်ကို မနောက်နဲ့''

ဒီအခါမှာ မုဆိုးပန်ချူးက ဘာစကားမှ မပြောတော့ဘဲ ရေစပ်ကို လျှောက်သွားတယ်။

ရေစပ်ရောက်တော့ ပလိုင်းထဲက တစ်စုံတစ်ရာကို ထုတ်ပြီး ရေထဲချလိုက်တယ်။

ပြီးတော့ ရေစပ်မှာ အေးအေးဆေးဆေး ထိုင်ချလိုက်တယ်။

အလီဟာ မုဆိုးကြီးရဲ့အနား လျှောက်သွားရင်း ဘေးမှာ ဝင်ထိုင်လိုက်တယ်။

မုဆိုးကြီး ဘာလုပ်သလဲဆိုတာ သိချင်စိတ်နဲ့ ရေထဲကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိတယ်။

ခဏအကြာမှာတော့ တဖျပ်ဖျပ်နဲ့ ရေထဲကူးခပ်နေတဲ့ ငါးတွေဟာ ရေစပ်ကုန်းပေါ် တက်လာတယ်။



အလီဟာ ကုန်းပေါ်တက်လာတဲ့ ငါးတွေကို တအံ့တဩ ကြည့်ရင်း ...

''ဟာ ... တယ်ဟုတ်ပါလား၊ ငါးတွေ ကုန်းပေါ်တက်လာပြီ၊ ဦးလေး ဘာမန္တန်တွေများ ရွတ်လိုက်တာလဲ ... ထူးဆန်းတယ်ဗျာ''

လို့ ရေရွတ်လိုက်မိတယ်။

မုဆိုး ပန်ချူးဟာ စမ်းချောင်းနံဘေးမှာပဲ မီးမွှေးလိုက်ရင်း

''သိပ်အံ့ဩနေသလား ကောင်လေး ... ငါးကို လက်နက် ကိရိယာမပါဘဲ ဖမ်းလို့ရတဲ့နည်းတွေ ရှိတယ်၊ ''ငှမ်း'' လို့ခေါ်တဲ့ အသီးတစ်မျိုးဟာ ရေထဲကိုခတ်ရင် အဆိပ်ဖြစ်စေတယ်၊ ပြည်မဘက် က အင်းတွေမှာတော့ ''ဟုမ်း'' ဆိုတဲ့ မျိုးနွယ်ဝင်အသီးဟာ ငါးတွေကို မူးဝေပြီး သေစေနိုင်တယ်ကွ ...၊

ငါက ငှမ်းကို ထုထောင်းပြီး အမှုန့်ကြိတ်ထားတယ်၊ အဲ့ဒီ အမှုန့်ကို ရေထဲခတ်လိုက်တော့ ငါးတွေ ဘယ်နေနိုင်တော့မလဲကွ၊ မူးဝေပြီး ရေပေါ်တက်လာကြရော ... ဒီတော့ ငါက အလွယ်လေး ဖမ်းပြီး ဟော့ဒီလို ကင်လိုက်တာပေါ့ကွ''

လို့ပြောတဲ့အခါ အလီဟာ ငါးကို အဆိပ်ခတ်ဖမ်းတဲ့နည်းကို

www.burmeseclassic.com

www.burmeseclassic.com



အရမ်းသဘောကျသွားတယ်။

မုဆိုးပန်ချုံးဟာ ရေစပ်ကငါးတွေကို ကောက်ယူပြီး ကင်တယ်။

အလီကတော့ မုဆိုးကြီးကင်ပေးသမျှ ငါးတွေကို တစ်ဝတစ်ပြဲ စားသောက်ရင်း မျက်ခွံတွေ လေးလံလာတယ်။

ဒါကြောင့် မုဆိုးပန်ချုံးနဲ့ အလီဟာ စမ်းချောင်းနံဘေးက သစ်ပင်ကြီးအောက်မှာပဲ တစ်ညတာ အိပ်စက်လိုက်တော့တယ်။

✧ ✧ ✧

"မုဆိုးကြီးတို့ ဘာဆက်ဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

မဟူရာ ကျောက်ထိုး ...

နောက်နေ့ရောက်တော့ မုဆိုးပန်ချူးနဲ့ အလီဟာ တောတွင်း ခရီးဆက်ခဲ့ကြတယ်။

လျှိုကြီးတစ်ခုနားရောက်တဲ့အခါ နှစ်ယောက်သား ခက်ခက်ခဲခဲ ဆင်းခဲ့ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



လျှိုကြီးရဲ့အောက်ရောက်တော့ မုဆိုးပန်ချူးဟာ ခြေလှမ်းတုံ့သွားတယ်။

အလီက မုဆိုးပန်ချူးကို မော့ကြည့်လိုက်ရင်း ...

"ဦးလေး ...ဆက်သွားမယ်လေဗျာ၊ ဘာရပ်လုပ်နေတာလဲ"

လို့ မေးလိုက်တဲ့အခါ မုဆိုးကြီးက ချုံနွယ်တွေကြားက အခေါင်းပေါက်တစ်ခုကို ညွှန်ပြရင်း ...

"ဒီလျှိုရဲ့ အနေအထားက သိပ်ထူးဆန်းနေတယ်၊ ငါ အထဲဝင်ကြည့်ချင်တယ်၊ မင်း ...အပြင်မှာ ခဏစောင့်နေပါ"

လို့ ပြောလာတယ်။

"ဗျာ ...လျှိုထဲဝင်ကြည့်မယ် ...ဟုတ်လား။ ကြည့်လုပ်ပါဦး ...တော်ကြာ အန္တရာယ်ကောင်တွေနဲ့ တွေ့နေဦးမယ်၊ ကျုပ် အပြင်မှာ တစ်ယောက်တည်း မနေရဲဘူး။ ဦးလေးနဲ့ လိုက်ခဲ့မယ်"

အလီစကားကြောင့် မုဆိုးပန်ချူးဟာ ခေါင်းခါယမ်းလိုက်ရင်း ...

"မလိုက်ရဘူး အလီ၊ မင်း အပြင်မှာပဲ စောင့်နေပါ ...လျှို



နားကနေ ဘယ်မှလျှောက်မသွားနဲ့"

လို့ ပြောလာတယ်။

အလီဟာ မုဆိုးကြီးရဲ့စကားကို မလွန်ဆန်ဝံ့တာကြောင့် ငြိမ် ...တော့ နေလိုက်တယ်။

မုဆိုးပန်ချူးဟာ ကျောမှာလွယ်ထားတဲ့ ပလိုင်းကို ချလိုက်တယ်။

တောတွင်းသုံး ဓားရှည်တစ်ချောင်းနဲ့ ကညင်မီးတုတ်ကြီးကို ...သင့်ပြင်လိုက်တယ်။

ပြီးတော့ ...ဂူဝမှာ ပိတ်ဆို့နေတဲ့ ချုံနွယ်တွေကို ဓားရှည်နဲ့ ...ရင်း တိုးဝင်သွားတယ်။

အလီကတော့ ဂူဝမှာရှိတဲ့ ကျောက်တုံးကြီးကို ကျောမှီထိုင် ...း ချောက်ချားနေမိတယ်။

ထမင်းတစ်လုံးကျက်လောက်ကြာတဲ့ အချိန်ရောက်တော့ ...လီဟာ ခရီးပန်းတဲ့ဒဏ်ကြောင့် အိပ်ပျော်သွားတယ်။

ဒီအချိန်မှာပဲ အနက်ရောင်ဝတ်စုံနဲ့လူတစ်ယောက်ဟာ အလီ့ ...နားကို ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလို့ရဲ့ နှာခေါင်းဝကို သစ်ခေါက်တစ်ခု ကပ်ပေးရင်း ရှူရှိုက်
စေတယ်။

အလီဟာ အိပ်ပျော်နေရာက သစ်ခေါက်ကိုရှူရှိုက်မိပြီး ဘာမှ
သတိမရနိုင်အောင် မေ့လျော့သွားတော့တယ်။

ဒီအခါမှာ အနက်ရောင်ဝတ်စုံနဲ့လူက အလို့ကို ပွေ့ချီလိုက်ပြီး
ဂူဝကနေ ပျောက်ကွယ်သွားတော့တယ်။

ဂူထဲဝင်သွားတဲ့ မုဆိုးကြီးကတော့ အလီ့အဖြစ်ကို မသိဘဲ
ဂူရဲ့အတွင်းပိုင်းကို တဖြည်းဖြည်း ချဉ်းကပ်သွားတယ်။

ဂူရဲ့အတွင်းပိုင်းရောက်လေ အလင်းရောင် အားနည်းလေ
ဖြစ်နေတာကြောင့် မုဆိုးပန်းချူးဟာ မီးတုတ်ကို ထွန်းညှိလိုက်တယ်။

မီးရောင်ကြောင့် ဂူအတွင်းပိုင်းကို သဲကွဲစွာ မြင်လိုက်ရတယ်။

မုဆိုးပန်ချူးဟာ သတိထားရင်း ဂူအတွင်းပိုင်းကို သတိ
လျှောက်ခဲ့တယ်။

တစ်နေရာရောက်တော့ ...

မီးအလင်းရောင်နဲ့ ဂူထောင့်က မည်းမည်းအရာတစ်ခုကို မြင်
လိုက်ရတယ်။



မုဆိုးပန်ချူးဟာ စူးစမ်းလိုစိတ်နဲ့ ဂူထောင့်ကို တိုးကပ်သွားမိ
တယ်။ အနားရောက်တော့ ...

မည်းမည်းအရာဟာ မဟုရာကျောက်တုံးကြီးတစ်တုံးဖြစ်နေ
တာ တအံ့တသြ တွေ့လိုက်ရတယ်။

မုဆိုးကြီးဟာ အံ့သြစိတ်နဲ့အတူ ကျောက်တုံးကြီးအနားကို
ချဉ်းကပ်လိုက်တယ်။

ကျောက်တုံးကြီးကို လက်နဲ့ပွတ်သပ်ကြည့်တော့ ကျောက်သား
မျက်နှာပြင်မှာ ထွင်းထုထားသလို ခံစားလိုက်ရတယ်။

ဒါကြောင့် မုဆိုး ပန်ချူးဟာ ဒူးထောက်ထိုင်ချလိုက်ရင်း
ကျောက်တုံးကြီးကို အနီးကပ်ကြည့်လိုက်တယ်။

အလင်းရောင်အားနည်းတဲ့အတွက် ကျောက်တုံးကြီးပေါ်က
ထွင်းထုရာတွေကို သဲကွဲစွာ မမြင်ရဘူး။

မုဆိုးကြီးဟာ ကျောမှာလွယ်ထားတဲ့ ပလိုင်းကို ဖြုတ်လိုက်ရင်း
မီးတုတ်တွေကို ထုတ်လိုက်တယ်။

ပြီးတော့ ဂူနံရံပတ်လည်မှာ မီးတုတ်တွေ ထွန်းညှိလိုက်တယ်။
ဂူအတွင်းပိုင်းတစ်ခုလုံး နေ့အလင်းရောင်လို လင်းထိန်သွားဘယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှ မုဆိုးကြီးဟာ ကျောက်တုံးကြီးနံ့ဘေး ထိုင်ချရင် ထွင်းထုရာတွေကို ကြည့်လိုက်မိတယ်။

ရှမ်းဘာသာနဲ့ ရေးထိုးထားတဲ့ ကျောက်ထက် အက္ခရာတွေ

မုဆိုးပန်ချူးဟာ ငယ်ငယ်က အဘိုးနဲ့နေစဉ် အဘိုးရဲ့ဆ ရှမ်းဘုန်းကြီးတစ်ပါးရဲ့ သင်ကြားပေးမှုကြောင့် ရှမ်းဘာသာကို ခေါက်မိတယ်။

ဒါကြောင့် ...ကျောက်ထက်အက္ခရာတွေကို ကြိုးစားဖ ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

မုဆိုးပန်ချူးဟာ ကျောက်ထက်အက္ခရာတွေကို ကြိုးစ ဖတ်ကြည့်ရင်း ရင်သပ်ရှုမော ဖြစ်နေမိတယ်။

ကျောင်းထွင်းစာရဲ့ အဓိပ္ပါယ်က ...

"အချိန်ကား ...ဘကြီးတော်လက်ထက်၊ မင်းကြီး မ ဗန္ဓုလကိုယ်တိုင် စစ်ကြောင်းချီ၍ အာသံပြည်၊ နယ်ချဲ့သမားတွေ ရင်ဆိုင်တိုက်ခိုက်ရတဲ့ တော်လှန်ရေးကာလ ...

စစ်သူကြီး မဟာဗန္ဓုလရဲ့ အာသံပြည်စစ်ကြောင်းမှာ ကောင်းစော်ဘွားကြီးသည် သူ၏တပ်သားများနှင့်အတူ လိုက်ပါခဲ့



ရင်းနည်းတူ ကချင်ဒူးဝါးများသည်လည်း တပ်သားအင်အား အမြောက်အမြားဖြင့် အာသံပြည်အရေးကို အင်အားဖြည့် လိုက်ပါခဲ့ ကြ၏။

အာသံပြည်အား အနိုင်တိုက်ပြီး၍ တပ်ပြန်ခေါက်ချိန်၌ ရှမ်း တပ်မှူး စောဆိုင်အား မင်းကြီးမဟာဗန္ဓုလမှ မြို့ရွာများ အပိုင်စားစေ၍ မြှောက်စားခဲ့၏။

ချင်းတွင်းမြစ်ရောက်သောအခါ မြို့တည်ရန် အကွက်ကောင်း သောနေရာ၌ တပ်မှူးစောဆိုင်၏ညီတော် ကျွန်ုပ် စောညီခေါင်အား မြို့စားအဖြစ် မြှောက်စားခဲ့၏။

ကျွန်ုပ်စောညီခေါင်နှင့် အစ်ကိုတော် စောဆိုင်တို့သည် အာသံ ပြည်စစ်ရေး၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပုံကို မင်းကြီးမဟာဗန္ဓုလက ဘုရင့်ထံလျှောက်တင်၍ မြို့ရွာများ အပိုင်စားစေခြင်းကို အတည်ပြု ချက် ရယူပေးခဲ့ပါ၏။

ကျွန်ုပ်သည် မင်းကြီးမဟာဗန္ဓုလ၏ ကျေးဇူးတော်ကြောင့် "ခမ္ပတီးမြို့စား စောညီခေါင်" ဟု ဂုဏ်သတင်းဖြန့်ကြက်နိုင်ခဲ့ပါ၏။

ကျွန်ုပ်၏ လက်အောက်ခံ အမှုထမ်းများသည် သံနှင့် ဆားတို

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြ၍ နာဂတိုင်းရင်းသားများနှင့် ရင်းနှီးကျွမ်းဝင်ကာ ကျွန်ုပ်၏ ဩဇာသည် နာဂလူမျိုးများတိုင်အောင် ဖြန့်ကြက်နိုင်ခဲ့၏။

ကျွန်ုပ်အုပ်စိုးသော ခမ္ပတီးမြို့မှာ နိုင်ငံခြားသားကုန်သည်တို အမြင်ကျယ်ပြီး အရောင်းအဝယ်လုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင် လာခြင်းကြောင့် နာဂများ အားထားရာ မြို့ကြီးတစ်မြို့ ဖြစ်ခဲ့ရ၏။

ကျွန်ုပ်စံမြန်းရာ နန်းဆောင်သို့ တိုင်းခြားကုန်သည်များ ဝင် ထွက်သွားလာကြ၍ ကျွန်ုပ်အား တံစိုးလက်ဆောင်များ ဆက်သကြ၏။

တစ်နေ့ . . . ကျွန်ုပ်ထံသို့ ထူးဆန်းသော လက်ဆောင်ပဏ္ဍာ တစ်ခု ရောက်ရှိခဲ့၏။

ထိုပဏ္ဍာကို ကျွန်ုပ်နှင့်အတူ အာသံပြည်စစ်ရေး၌ သူကောင်း ပြုချီးမြှင့်ခြင်းခံရသော ကချင်လူမျိုး ဆမားဒူးဝါးတစ်ဦးမှ ပေးပို့ခြင်း ဖြစ်၏။

လက်ဆောင်ပဏ္ဍာမှာ ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ပန်း အိုးတစ်လုံးဖြစ်၍ ၎င်းနှင့်အတူ ပေစာတစ်ထပ် ပါရှိခဲ့၏။

ကျွန်ုပ်သည် စာတော်ဖတ်အား ပေစာပါအကြောင်းအရာများ ကို ဖတ်ရှုစေရာ . . .



ယခု . . . စာနှင့်အတူပါသော ကျောက်စိမ်းပန်းအိုးကား (၁၆) ရာစုအစောပိုင်းက ဂျပန်မင်းမှုထမ်းတစ်ဦး ပိုင်ဆိုင်သော ဇာမဏီငှက် ရုပ်ပါ ရှေးလက်ရာတစ်ခုဖြစ်ကြောင်း။ ဤကျောက်စိမ်းအိုးအား လက် ဝယ်ရောက်ရှိချိန်မှစ၍ ဘေးဥပဒ်အမျိုးမျိုး ကြုံတွေ့ရမည်ဖြစ်ကြောင်း။

ဤကျောက်စိမ်းအိုးကို စွန့်ပစ်ဖျက်ဆီးပါက သားစဉ်မြေးဆက် ကြမ္မာဆိုးတွေ့ရမည်ဖြစ်ကြောင်း ရေးသားထား၏။

ကျွန်ုပ်သည် ပေစာပါအကြောင်းအရာအား ကြားသိချိန်မှစ၍ လွန်မင်းစွာ တုန်လှုပ်ခဲ့ရ၏။

သို့သော် ကျွန်ုပ်သည် အယူသီးသူမဟုတ်သောကြောင့် ထို ကိစ္စအား မေ့မေ့ပျောက်ပျောက်ပင် နေခဲ့၏။

ကျွန်ုပ်၏မိတ်ဆွေ ဆမားဒူးဝါးကြီးသည် ကျွန်ုပ်အား နောက် ပြောင်ကျီစယ်ရေးသားပေးပို့ခြင်းသာ သဘောပိုက်ခဲ့၏။

ကျွန်ုပ်သည် ဆမားဒူးဝါးပေးပို့သည့် ကျောက်စိမ်းပန်းအိုးအား ရှေးဟောင်းပစ္စည်းတစ်ခုအဖြစ်သာ သတ်မှတ်ခဲ့၏။

သို့သော် ပန်းအိုးကြီးရောက်ရှိပြီး တစ်လအကြာမှာပင် ကျွန်ုပ် ၏အိမ်တော်၌ အဖြစ်ဆိုးမျိုးစုံနှင့် ကြုံရ၏။

www.burmeseclassic.com



ကျွန်ုပ်၏သမီးတော်လေးသည် ကျွန်ုပ်တို့ တားမြစ်နေသည့်ကြားက စောင်ကုန်သည်တစ်ဦးနှင့် ခိုးရာလိုက်ပြေးခဲ့၏။

ကျွန်ုပ်၏မဟေသီ ဒေဝီကြီးသည်လည်း သမီးစိတ်ကြောင့် မျိုးနွယ်ဝင်များအကြား၌ အရှက်တော်ရလျက် မိမိကိုယ် အဆုံးစီရင်သွားခဲ့၏။ ကျွန်ုပ် မြို့စားကြီးစောညီခေါင်သည် ဖြစ်ပျက်နေသည့် ကြမ္မာဆိုးကြောင့် စိတ်နှလုံးနွမ်းလျလျက် ကျန်းမာရေး ညံ့ဖျင်းလာခဲ့၏။

ထိုသို့ ကြမ္မာဆိုးအမျိုးမျိုး ကြုံရသည့်အခါမှ ကျွန်ုပ်သည် ကျောက်စိမ်းပန်းအိုးလေးပါ ပေစာအား သတိရမိ၏။

ပေစာကို သတိရစိတ်နှင့်အတူ ဆမားဒူးဝါး၏အကြောင်းကိုလည်း ပြန်တွေးလိုက်မိ၏။

ဆမားဒူးဝါးကြီးသည် အာသံပြည့်စစ်ဆေးရေး၌ စစ်သူကြီးက ကျွန်ုပ်အား နယ်မြေကောင်းချီးမြှင့်ခဲ့ခြင်းကို ဝန်တိုပုံရ၏။

ကျွန်ုပ်အပိုင်စားရာ ခမ္ပတီးမြို့ကြီးသည် အရောင်းအဝယ်စည်ကားရာ မြို့ကြီးဖြစ်နေရခြင်းအား မရှုဆိတ်ဟန်ရှိ၏။

ကျွန်ုပ်သည် ကျောက်စိမ်းပန်းအိုးအား ဖျက်ဆီးချင်စိတ်များ ဖြစ်ပေါ်နေမိ၏။

ထို့ကြောင့် မကျန်းမာသည့်ကြားကပင် အမှုထမ်းများ လစ်လပ်ချိန်၌ ကျွန်ုပ်သည် စံအိမ်တော်မှ တိတ်တဆိတ် ထွက်ခွာခဲ့ပါ၏။

ထိုသို့ပြုလုပ်ရခြင်းသည် တိုက်ဆိုင်မှုလွန်ကဲသည့် ကြမ္မာဆိုးများ ကျွန်ုပ်၏ နောင်လာနောက်သားများထံသို့ မကျရောက်စေလို၍ဖြစ်၏။

ကျွန်ုပ်သည် ကျောက်စိမ်းအိုးအား လူသူဝေးရာ တောကြီးမျက်မည်းအတွင်း စွန့်ပစ်ရန် ဆုံးဖြတ်ခဲ့၏။

ထို့ကြောင့် ကျွန်ုပ်သည် ဆိုးဝါးလှသော ကျန်းမာရေးအားဂရုမပြုနိုင်ဘဲ တောများ တောင်များ အထပ်ထပ်ဖြတ်သန်း၍ လှိုဏ်အောက်ရှိ ဂူကြီး၌ စွန့်ပစ်ထားခဲ့ခြင်း ဖြစ်ပါ၏။

ထိုဂူကြီးသို့ရောက်ရှိချိန်၌ ကျွန်ုပ်၏ကျန်းမာရေးသည် ပိုမိုဆိုးရွားလာ၍ အပြန်ခရီးမှာ နောက်ဆုံးခရီး ဖြစ်နိုင်ပါ၏။

ကြမ္မာဆိုးသင့်နေသည့် ဇာမဏီငှက်ရုပ်ပါ ကျောက်စိမ်းအိုး၏ ပါးစပ်အစုံသည် ကျွန်ုပ်၏သွေးအား နောက်ဆုံးသောက်သုံးပါစေ . . .

ကျွန်ုပ်သည် ခမ္ပတီးမြို့စားဘဝ၌ လူသားချင်း စာနာမှုများ၊ ပေးကမ်းမှုများ၊ သတ္တဝါများအား သနားကရုဏာထားရှိမှုများ အစ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်တို့ကို သက်သေတည်၍ လောကအား အုပ်စိုးသော လောကပါလနတ်မင်းအား တိုင်တည်ပါ၏။

မိစ္ဆာဆိုး၏ ဟထားသောပါးစပ်အစုံသည် ကျွန်ုပ်၏ သစ္စာတရားကြောင့် ပိတ်နိုင်ပါစေ။

နောင်တစ်ချိန် ကျောက်စိမ်းပန်းအိုးကို လက်ဝယ် ပိုင်ဆိုင်မိသူသည် တောင်ယာမြေ၌ မျိုးစေ့ကျဲသကဲ့သို့ ကံကောင်းခြင်းများ ပြန့်ပွားနိုင်ပါစေ။

ဤကျောက်စာအား ဖတ်ရှုမိသူသည် မဟူရာကျောက်တုံးမှ အနောက်သို့ နောက်ပြန်ခြေလှမ်း ဆယ်လှမ်း လှမ်းရပေမည်။

ထိုအခါ ကံကောင်းခြင်းနိမိတ်ဆောင်သည့် ဓာမဏိငှက်ရုပ်ပါ ရွှေပေါင်းကျောက်စိမ်းအိုးသည် သင့်ထံသို့ ရောက်ရှိလာပါလိမ့်မည်။

"ရွှေဒင်္ဂါးတွေကို ရေတွက်ချင်စိတ်ရှိနေသရွေ့ . . . ကျွန်ုပ်တို့ လွတ်လပ်စွာ မကြွယ်ဝသေးဘူး"

"မြို့စားကြီး စောညီခေါင်"

✧ ✧ ✧

"မှုဆိုးပန်ချူးနဲ့ ကျောက်စိမ်းပန်းအိုးရဲ့ ..
ကံကြမ္မာ ဘာဖြစ်မလဲ၊"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

ခေါင်းမီးတောက်ပြီ ...

မှုဆိုးပေါ်ရှုးဟာ မဟာရာကျောက်တုံးပေါ်က စာတွေကို ဖတ်ပြီးတဲ့အခါ ရင်ထဲမွန်းကျပ်သွားမိတယ်။

ကျောက်စာရေးထိုးခဲ့တဲ့ မြို့စားကြီးဟာ သူ့နေရပ်ကို ပြန်ရောက်ပါလေစ။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးပန်ချူးဟာ မြို့စားတစ်ဦးရဲ့ ဘဝကို ပြိုပျက်စေတဲ့ ရှေးဟောင်းကျောက်စိမ်းအိုးကို သိပ်စိတ်ဝင်စားသွားမိတယ်။

ဒါကြောင့် မုဆိုးပန်ချူးဟာ ဆုံးဖြတ်ချက် ချလိုက်တယ်။

မဟူရာကျောက်တုံးကနေ အနောက်ကို ဆယ်လှမ်းလှမ်းလိုက်တယ်။

မုဆိုးပန်ချူးဟာ ဆယ်လှမ်းပြည့်တဲ့နေရာမှာ ခြေစုံရပ်ရင်း ရင်တဒိန်းဒိန်းခုန်နေမိတယ်။

မုဆိုးပန်ချူးဟာ လှုပ်ရှားနေတဲ့စိတ်ကို စုစည်းလိုက်ရင်း ဂူနံရံကို စူးစိုက်ကြည့်လိုက်တယ်။

ဒီအခါမှာတော့ ဂူနံရံမှာ စတုရန်းကွက်လိုဖြစ်နေတဲ့ အရာကို တွေ့ရတယ်။

မုဆိုးပန်ချူးဟာ ထိုနေရာကို ဓားနဲ့ထိုးကလန့်လိုက်တယ်။

အတန်ကြာအောင် စိတ်ရှည်လက်ရှည်နဲ့ ထိုးကလန့်လိုက်တဲ့အခါ စတုရန်းကွက်ကျောက်သားဟာ ကွာကျသွားတယ်။

မုဆိုးကြီးဟာ စိတ်လှုပ်ရှားစွာနဲ့ အပေါက်ထဲကို လက်နှိုက်လိုက်တယ်။



သူ့လက်မှာတော့ ကျောက်စိမ်းပန်းအိုးတစ်အိုး ပါလာတာ တွေ့လိုက်ရတယ်။

သူကြည့်လိုက်တဲ့အခါ ဖုန်အလိမ်းလိမ်းတက်နေတဲ့ အိုးတစ်အိုး ဖြစ်နေတာ တွေ့လိုက်ရတယ်။

မုဆိုးကြီးဟာ ဖုန်တွေကို ဖယ်ရှားလိုက်တဲ့အခါ ဇာမဏီငှက်ရုပ်ပါ ကျောက်စိမ်းပန်းအိုးကို တွေ့လိုက်ရတယ်။

ဇာမဏီငှက်ရုပ်ရဲ့ မျက်လုံးအစုံက အသက်ဝင်လွန်းလှတယ်။

မုဆိုးကြီးဟာ ရှေးဟောင်းအိုးလေးကို လှည့်ပတ်ကြည့်ရင်း မိတ်ဆွေပန်းဘဲဆရာကြီးတစ်ဦးကို သတိရလိုက်တယ်။

ပန်းဘဲဆရာကြီးဟာ "လေရှီ" ရွာမှာ နေထိုင်သူဖြစ်တယ်။

သူဟာ ထူးဆန်းပစ္စည်းတွေနဲ့ ရှားပါးတိရိစ္ဆာန်တွေကို နှစ်သက်မက်မောသူလည်း ဖြစ်တယ်။

မုဆိုးပန်ချူးဟာ တောလိုက်မုဆိုးတစ်ဦးဖြစ်တာကြောင့် ရှေးဟောင်းပန်းအိုးလေးဟာ သူနဲ့ မအပ်စပ်ဘူးလို့ ယူဆလိုက်တယ်။

ဒါကြောင့် မိတ်ဆွေ ပန်းဘဲဆရာကြီးကို ရှေးဟောင်းပန်းအိုး လေးပေးဖို့ ဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အတွေးနဲ့အတူ မုဆိုးပန်ချူးဟာ ဂူဝကို ပြန်ထွက်ခဲ့တယ်။

ဂူဝရောက်တဲ့အခါ ကလေးငယ်အလီကို မတွေ့ရတဲ့အတွက် ရင်ထိတ်သွားမိတယ်။

သူ့ခေါင်းထဲမှာ အန္တရာယ်အချက်ပေးသံတွေ ညံစီသွားတယ်။

လျှိုအနှံ့ အလီကို လိုက်ရှာပေမယ့် အရိပ်အယောင်တောင် မတွေ့ရဘူး။

မုဆိုးပန်ချူးလည်း အလီကို ရှာမတွေ့တဲ့အတွက် စိတ်ပျက်စွာနဲ့ ဂူဝကို ပြန်လျှောက်ခဲ့မိတယ်။

ဒီအချိန်မှာပဲ အလီထိုင်ခဲ့တဲ့ ကျောက်တုံးနားက သစ်ခေါက်ပိုင်းတစ်ခုကို တွေ့ရှိသွားတယ်။

မုဆိုးပန်ချူးဟာ မျက်နှာကွက်ခနဲပျက်သွားပြီး တက်တစ်ချက်ကို ပြင်းစွာ ခေါက်လိုက်တယ်။

ပြီးတော့ အလီနောက်လိုက်ဖို့အတွက် လျှိုကြီးအောက်ကနေ ခြေလှမ်းကျဲကြီးနဲ့ ထွက်သွားတော့တယ်။

✧ ✧ ✧

# အပိုင်း (၁၁)

နှိုးခြောက်ဗေဒင် ...

www.burmeseclassic.com

www.burmeseclassic.com

မုဆိုး ပန်ချူးဟာ နာဂတောင်တန်းတွေကြားထဲ တစ်တော
တက် တစ်တောင်ဆင်းရင်း မောဟိုက်လာတယ်။

သူ့ခြေလှမ်းတွေက စာရာမေတိတောင်ဘက် ဦးတည်
တယ်။



အလိုကို ခေါ်သွားသူဟာ စာရာမေတိတောင်သွားလမ်းမှာရှိတဲ့ ချိုင့်ဝှမ်းလူမျိုးစုများသာ ဖြစ်တယ်။

ချိုင့်ဝှမ်းလူမျိုးစုတွေဟာ တောင်နှစ်တောင်ကြား ချိုင့်ဝှမ်းကြီးထဲဖြစ်နေတဲ့ နေရာမှာ လျှို့ဝှက်နေထိုင်ကြတဲ့ လူမျိုးစုတွေလည်း ဖြစ်တယ်။

ချိုင့်ဝှမ်းလူမျိုးစုတွေကိုင်တဲ့ သစ်ခေါက်ဆေးမြစ်ဟာ လူကို မေ့မြောစေတဲ့ အစွမ်းသတ္တိရှိတယ်။

ဒါကြောင့်လည်း ကလေးငယ်အလီကို သစ်ခေါက်မြစ်သုံး ပြီး အလွယ်တကူ ခေါ်ဆောင်သွားနိုင်ခြင်းဖြစ်တယ်။

မုဆိုးပန်ချူးဟာ ချိုင့်ဝှမ်းလူမျိုးစုအကြောင်းတွေးမိရင်း အလီကို စိုးရိမ်စိတ်ပိုသွားမိတယ်။

ဘာ့ကြောင့်လဲဆိုတော့ သူတို့ဟာ နွားနောက်နဲ့ ကလေးငယ်တွေကို ခိုးယူတတ်လို့ပါပဲ။

ဒီအချိန်မှာပဲ ခရီးပြင်းနှင်ခဲ့တဲ့ သူ့ခြေလှောက်တွေက ဆက်လျှောက်လို့မရအောင် ပျော့ခွေလာတယ်။

ဒါကြောင့် ... မုဆိုးပန်ချူးဟာ အနားယူအပန်းဖြေဖို့ နေရာ

www.burmeseclassic.com

www.burmeseclassic.com



ရှာလိုက်တယ်။

တစာစာအော်မြည်နေတဲ့ ဖိုးခေါင်ငှက်တွေရဲ့ တွန်ကျူးသံ… အတူ အဝေးဆီမှ ဝါးရွက်မိုးတဲလေးကို လှမ်းမြင်လိုက်ရတယ်။

မုဆိုးကြီးဟာ ဝါးရွက်မိုးတဲလေးရှိရာကို အားတင်း လျှောက်… သွားမိတယ်။

ဒီအချိန်မှာပဲ ခြေထောက်နာကျင်လွန်းတဲ့ ဝေဒနာကို ခံ… လိုက်ရတယ်။

မုဆိုးပန်ချူးဟာ ခြေထောက်ကို ငုံ့ကြည့်လိုက်တဲ့အခါ ဖ… တောကို ဖြတ်စဉ်က ဆူးခဲ့တဲ့ ဓနုံးဆူးတွေကို တွေ့လိုက်ရတယ်။

ဝါးရွက်တဲကလေးနားရောက်တော့ လူသူကင်းရှင်းတာ တွေ့… တယ်။

ဒါကြောင့် သူဟာ တဲလေးထဲဝင်ပြီး … ခြေပစ်လက်… အနားယူလိုက်တယ်။

ခရီးပန်းတဲ့ဒဏ်ကြောင့် မုဆိုးပန်ချူးဟာ မှေးခနဲ အိပ်ပျော်… သွားတော့တယ်။

ဒီအချိန်မှာပဲ သူ့ခြေထောက်ကို လှုပ်နှိုးခံရပြီး…

"ဟေ့ … ဘယ်ကောင်လဲကွ ငါ့တဲမှာ အိပ်နေတာ … ထ… …ဖြ ထစမ်း"

ဆိုတဲ့ အသံကိုကြားလိုက်ရတယ်။

အသံကြောင့် မုဆိုးပန်ချူးဟာ ဆတ်ခနဲ ထထိုင်လိုက်တယ်။

ဒီအချိန်မှာပဲ လှံရှည်တစ်ချောင်းက သူ့နားထင်ကို ထောက်… …ာတယ်။

မုဆိုးပန်ချူးဟာ နားထင်နားရောက်လာတဲ့ လှံကို လက်ပြန်… …တ်ချလိုက်တယ်။

မထင်မှတ်တဲ့တိုက်ကွက်ကြောင့် တဲပိုင်ရှင်ဟာ လှံလွတ်ကျပြီး …နောက်ကို ပက်လက်လန်ကျသွားတော့တယ်။

ဒီအခါမှ မုဆိုးကြီးဟာ လှံနဲ့ထောက်သူကို ကြည့်လိုက်တဲ့ …ခါ အဘိုးအိုတစ်ဦးဖြစ်နေတာ တွေ့လိုက်ရတယ်။

အဘိုးအိုဟာ လဲနေရာက မကျေမချမ်းကြည့်ရင်း …

"ဘယ်လိုလူလဲ … ငါ့တဲမှာလည်း အိပ်တယ်၊ ငါ့ကိုလည်း …ော်ကားတယ်၊ မင်း ဘယ်သူလဲ"

လို့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးပန်ချူးဟာ အဘိုးအိုရဲ့စကားကြောင့် အားတုံ့အားနာ ဖြစ်သွားပြီး ...

"ကျုပ်က မုဆိုးတစ်ယောက်ပါ။ လမ်းမှာ ခနဲ့ဆူးစူးလို့ ကျုပ် လမ်းမလျှောက်နိုင်တော့ဘူး။ ဒါကြောင့် ခွင့်မတောင်းဘဲ အဘိုးရဲ့တဲမှာ ဝင်နားမိတာပါ"

လို့ ပြောလိုက်တယ်။ ဒီအခါမှ အဘိုးအိုဟာ သူ့ကိုကြည့်ရင်း

"ဒုက္ခရောက်လာတဲ့လူမှန်း မသိလို့ ပြောမိတာပါ။ မုဆိုးလေး ကို ကျုပ် တောင်းပန်ပါတယ်၊ ဒီနေရာမှာက ဘယ်အရာမှ ယုံကြည်လို့ မရဘူး ... တောကောင်ကြီးတွေထက် ကျွဲမုဆိုးတွေရဲ့ရန်က ပိုကြောက် ရတယ်"

လို့ ပြောလာတယ်။

အဘိုးအိုဟာ မုဆိုးကြီးခြေထောက်က ဒဏ်ရာဆီ အကြည့် ရောက်သွားပြီး ဆေးမြစ်ကျိုဖို့ စီစဉ်တော့တယ်။

မုဆိုးပန်ချူးဟာ စိတ်သဘောထားကောင်းတဲ့ အဘိုးအိုကို ကြည့်ရင်း ...

"အဘိုးက ဘာလို့ ဒီမှာ တစ်ယောက်တည်း နေတာလဲ မိသားစု မရှိဘူးလား"

သူ့စကားကြောင့် အဘိုးအိုဟာ ငေးမှိုင်သွားတယ်။

"မိသားစု ... ဟုတ်လား မုဆိုးလေး၊ မိသားစုတင်မကဘူး ... ကျုပ်မှာ သိပ်ချစ်ရတဲ့ မြေးနှစ်ယောက်ပါရှိခဲ့ပါတယ်၊ ကျုပ်ရဲ့ အလုပ်က "နတ်ဆရာ"ပါ။ ကျုပ်ဟာ နှီးခြောက်ပေဒင်ကို လက်ကိုင် ပြုဟောပြောတဲ့ နတ်ဆရာကြီးပါ၊ ကျုပ်နေတဲ့ရွာလေးဟာ ဒီနေ ရာကဆို တောင်သုံးလုံးအကျော်မှာ ရှိပါတယ်"

အဘိုးအိုရဲ့စကားကြောင့် မုဆိုးကြီးဟာ မျက်မှောင်ကြုတ်သွား ရင်း ...

"နတ်ဆရာတစ်ယောက်လည်း ဖြစ်တယ် ... မိသားစုလည်း ရှိရဲ့နဲ့ အဘိုးက ဘာလို့ တောနက်ထဲ လာနေရတာလဲ ... ကျုပ် သိလို့ရမလား"

လို့ မေးလိုက်တယ်။

သူ့စကားကြောင့် အဘိုးအိုဟာ အဝေးကို ငေးစိုက်ကြည့်ရင်း သက်ပြင်းချလိုက်မိတယ်။

"အကြောင်းရှိလို့ပေါ့ မုဆိုးလေးရယ် ... ကျုပ်က သားနဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



နေတာပါ၊ ကျုပ်သားက သူ့ကလေးနှစ်ယောက်ကို မျက်စိအောက်က အပျောက်မခံအောင် ချစ်သူပါ၊ သူဟာ ကလေးတွေကို တောထဲ ဝါးခုတ်သွားရင်တောင် ခေါ်သွားလေ့ရှိတယ်၊ တစ်နေ့ တောထဲမှာ ဝါးခုတ်သွားရင်း ကျားဟိန်းသံကြားလို့ ကလေးနှစ်ယောက်ကို လုံခြုံတဲ့ နေရာမှာ ပုန်းစေခဲ့တယ်၊ သူပြန်လာချိန်မှာတော့ ကလေးနှစ်ယောက်ကို မတွေ့ရတော့ဘူး။ ကျုပ်ရဲ့သားဟာ သူ့ကလေးတွေ ပျောက်သွားတဲ့ အတွက် သွက်သွက်ခါအောင် ရူးသွပ်သွားရှာတယ်၊ ကျုပ်ချွေးမကတော့ လင်ရူး, သားပျောက်ဘဝကို စိတ်နာပြီး တောင်ပေါ်က ခုန်ချ သွားခဲ့တယ်၊ ကျုပ်ဟာ မြေးနှစ်ယောက်ကိုရှာဖို့ ဒီနေရာလေးမှာ အခြေချခဲ့တယ်၊ တစ်တောဝင်, တစ်တောင်တက်ပြီး မြေးတွေကိုရှာဖွေခဲ့တာ ဒီနေ့အချိန်အထိပါပဲကွယ်''

အဘိုးအိုရဲ့စကားကြောင့် မုဆိုးပန်ချူးဟာ စိတ်မကောင်းဖြစ် သွားမိတယ်။

''ဟင် ... ဒါဆို အဘိုးနဲ့ကျုပ်က အဖြစ်ချင်းတူနေပြီ ... ကျုပ်လည်း ကလေးပျောက်လို့ လိုက်ရှာနေတာ''

မုဆိုးပန်ချူးရဲ့စကားကြောင့် အဘိုးအိုဟာ မျက်လုံးအရောင်



တောက်သွားရင်း ...

''ဟာ ... ဒါဆို ကျုပ်တို့နှစ်ယောက် ပူးပေါင်းပြီး ကလေးတွေ လိုက်ရှာနိုင်တာပေါ့၊ ဒါပေမဲ့ ကျုပ်မြေးတွေကိုရှာခဲ့တာ လပေါင်း မနည်းတော့ဘူး။ အစအနတောင် မတွေ့ရပါဘူးကွယ်၊ တစ်ခါတလေ တော့ ကျုပ်တွေးမိတယ်၊ ကလေးတွေဟာ တောတိရိစ္ဆာန်ရဲ့ အန္တရာယ် နဲ့များ ကြုံလေသလားလို့''

ဒီအခါမှာ မုဆိုးကြီးက အလီလေးပျောက်ဆုံးသွားပုံကို ရှင်းပြ လိုက်တယ်။

''ဟင် ... ဒါဆို ကျုပ်မြေးတွေလည်း ချိုင့်ဝှမ်းလူမျိုးစုတွေရဲ့ လက်ထဲ ရောက်နိုင်တယ်၊ ဟင်း ... သားရဲတိရိစ္ဆာန်တွေရဲ့ဘေး မကျဘဲ အသက်ရှင်သေးရင် တော်သေးတာပေါ့၊ တိရိစ္ဆာန်နဲ့ တိုက်ခိုက် ရတာထက် လူသားအချင်းချင်း ဖြေရှင်းခွင့်ရတာ ကံကောင်းပါတယ်၊ ကျုပ်တို့ ကလေးတွေကို အမြန်ဆုံး ကယ်တင်ရမယ်''

နတ်ဆရာအဘိုးအိုရဲ့ စကားဆုံးတဲ့အခါ မုဆိုးကြီးတို့ဟာ ချိုင့်ဝှမ်းဒေသကို သွားဖို့ အစီအစဉ်တွေ ဆွဲခဲ့ကြတယ်။

ခရီးထွက်ခါနီးမှာ အဘိုးအိုဟာ နီးခြောက်တွေကို လက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရင်း ဗေဒင်မေးဖို့ ပြင်လိုက်တယ်။

"မုဆိုးလေးရေ ဒီအချိန်မှာတော့ ကျုပ်က နတ်ဆရာ၊ မုဆိုးလေးက နှီးဗေဒင်မေးမြန်းသူပေါ့၊ ကျုပ်ရဲ့လက်ကို မုဆိုးလေးရဲ့လက်နဲ့ ထိလိုက်ပါ"

နတ်ဆရာကြီးရဲ့စကားကြောင့် မုဆိုးပန်ချူးဟာ သူပြောတဲ့အတိုင်း လုပ်လိုက်တယ်။

"အမှန်တရားပြပါ"

အဘိုးအိုဟာ နတ်ကရှတ်ရင်း နှီးခြောက်တွေထဲကတစ်ချောင်းကို ဆွဲယူလိုက်တယ်။

နတ်ဆရာ အဘိုးအိုဟာ နှီးမျှင်လေးတွေကို ရေတွက်ကြည့်ရင်း ...

"မုဆိုးလေးရေ ... ကျုပ်တို့ ဒီအချိန် ခရီးထွက်တာ အချိန်ကောင်းပဲ၊ ကျုပ်တို့ ရန်သူကို အောင်နိုင်မယ်လို့ နှီးခြောက်လေးတွေက ဟောနေလေရဲ့"

လို့ စိတ်အားတက်ကြွစွာ ပြောလိုက်တော့တယ်။

✧ ✧ ✧

# အပိုင်း (၁၂)

ကြောင်သားပေါင်း ...

www.burmeseclassic.com

www.burmeseclassic.com

တောက တဖြည်းဖြည်းနက်လာတယ်။

တောလမ်းလေးရဲ့ တစ်ဖက်စီမှာ မြက်ရိုင်းရှည်ကြီးတွေနဲ့ နွင်းဆီရိုင်းပင်များက စီရရီပေါက်နေတယ်။

မုဆိုးပန်ချူးနဲ့ နတ်ဆရာအဘိုးအိုဟာ တောလမ်းတွေကို ဖြတ်



ကျော်ရင်း ချိုင့်ဝှမ်းဒေသနားကို ရောက်လုနီးပါး ဖြစ်လာတယ်။

မုဆိုးပန်ချူးဟာ တဝေါဝေါစီးနေတဲ့ တောင်ကျရေသံကို နားစွင့်ရင်း ...

"နတ်ဆရာကြီးရေ ... ကျုပ်တို့ ချိုင့်ဝှမ်းဒေသကို ရောက်တော့မယ်ဗျ။ မြောက်ဘက်ဆီက ရေကျသံတွေ ကြားနေရတယ်၊ ကျုပ်တို့ကလေးတွေကို တွေ့ရတော့မယ်ဗျ"

လို့ ညွှန်ပြ ပြောလိုက်တယ်။

နတ်ဆရာအဘိုးအိုဟာ မုဆိုးကြီးညွှန်ပြရာကို နားစိုက်ရင်း

"ရေတံခွန်ကြီးကို ကျော်ပြီးရင် တို့တွေ ရန်သူနယ်မြေနဲ့ သိပ်နီးကပ်သွားပြီကွ၊ ဒါဆို သတိထားသွားမှ ရတော့မယ်"

လို့ သတိပေးစကားပြောပြန်တယ်။

တောလမ်းတစ်လျှောက်မှာ ... ထောက်ကြို၊ ဖန်ခါး၊ သင်းဝင်၊ ငွေး၊ လျှော်ပင်တွေကို နေရာအသီးသီးမှာ တွေ့နေရတယ်။

မုဆိုးပန်ချူးဟာ သဘာဝရှုခင်းကို ငေးကြည့်ရင်း ... ကလေးငယ်အလို့ကို သတိရနေမိတယ်။

ဒီအချိန်မှာပဲ နတ်ဆရာကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာလိုက်တာကွာ . . . မီးဖိုပြီး ပိန်းဥဖုတ်စားရင် ကောင်းမယ်"

လို့ ပြောလိုက်တယ်။

မုဆိုးကြီးတို့ဟာ အရိပ်အာဝါသကောင်းတဲ့ အပင်ကြီးအောက်မှာ အနားယူလိုက်ကြတယ်။

နတ်ဆရာကြီးက ပလိုင်းထဲက ပိန်းဥနဲ့ ရှောက်သီးတောင့်တွေကို ထုတ်ယူလိုက်တယ်။

မီးဖိုပြီးတဲ့အခါ မီးဖိုထဲကို ပိန်းဥနဲ့ ရှောက်သီးတောင့်တွေကို ပစ်ထည့်လိုက်တယ်။

ခဏကြာတဲ့အခါ ပြာကြားက ရှောက်သီးတောင့်နဲ့ ပိန်းဥတွေကို တုတ်နဲ့ ယက်ထုတ်လိုက်တယ်။

ပြာလူးနေတဲ့ ရှောက်သီးမီးသင်းနံ့နဲ့ ပိန်းဥဖုတ်နံ့က သူတို့ရဲ့ ဗိုက်ကို ပိုပြီး ဆာလောင်စေတယ်။

အဘိုးအိုဟာ ပိန်းဥကို အခွံနွာပြီး ဆားနဲ့တို့ရင်း မုဆိုးကြီးကို စားစေတယ်။

နတ်ဆရာကြီးကိုယ်တိုင်လည်း ရှောက်သီးကိုက်လိုက်၊ ပိန်းဥ



မီးဖုတ် စားလိုက်နဲ့ ခံတွင်းတွေ့နေတယ် . . .

ဒီအချိန်မှာပဲ မုဆိုးကြီးဟာ တောကောင်ရဲ့ တောနင်းသံကို ကြားလိုက်ရတယ်။

ဒါကြောင့် စားလက်စကိုရပ်ရင်း အသံလာရာကို ထသွားတယ်။

ခဏကြာတော့ မုဆိုးကြီးဟာ တောကြောင်တစ်ကောင်ကို ကိုင်ပြီး ပြန်ရောက်လာတယ်။

ကြောင်ကို အသားဖျက်ပြီး အသားနဲ့အရေခွံကို နုပ်နုပ်စဉ်းလိုက်တယ်။

စဉ်းထားတဲ့အသားတွေကို အသင့်ပါလာတဲ့ ချင်းစိမ်း၊ ကြက်သွန်မြိတ်၊ ဆားတို့နဲ့ ရောနယ်ပြီး အင်ဖက်နဲ့ထုပ်ရင်း ပေါင်းလိုက်တယ်။

အင်ဖက်နဲ့ပေါင်းထားတဲ့ ကြောင်သားပေါင်းဟာ နီရဲရဲ အဆင်းရှိပြီး အရသာ သိပ်ကောင်းတယ်။

ဒါကြောင့် မုဆိုးကြီးနဲ့ နတ်ဆရာကြီးဟာ ကြောင်သားပေါင်းကို မြိန်ရှက်စွာ စားရင်း . . .

"အရသာရှိလိုက်တာ မုဆိုးလေးရယ်၊ ကျုပ်ဖြင့် ဟောအောင်း

www.burmeseclassic.com

www.burmeseclassic.com



နေတာကြာပြီ၊ ဒီလောက် အရသာကောင်းတဲ့ အသားမျိုး မစားဖူးဘူး။ ဒါနဲ့ ... ကျုပ်တို့ ရေတံခွန်ကို ဘယ်အချိန်လောက် ရောက်မလဲ"

လို့ မေးလိုက်တဲ့အခါ၊ မုဆိုးကြီးက ...

"ကျုပ်တို့ ရေတံခွန်ကိုရောက်ရင် ညအိပ်မှ ဖြစ်မယ် ... ဘာကြောင့်လဲဆိုတော့ ရေတံခွန်ကိုဖြတ်ပြီးတာနဲ့ ချိုင့်ဝှမ်းဒေသကို ရောက်နေပြီဗျ"

လို့ ပြောလိုက်စဉ်မှာပဲ အသံဗလံတွေ ကြားလိုက်ရတယ်။

မုဆိုးကြီးတို့ဟာ မီးဖိုကို ကပျာကယာ မီးသတ်လိုက်ရင်း ချုံပုတ်အတွင်းဝင်ပြီး ပုန်းအောင်းလိုက်ကြတယ်။

ဒီအချိန်မှာပဲ ... ဂျပ်စောင်ကိုယ်စီပတ်ထားတဲ့ လူတစ်စုဟာ အပင်ကြီးအနား ရောက်လာကြတယ်။

သူတို့ဟာ မုဆိုးကြီးတို့ ငြိမ်းသတ်ထားတဲ့ မီးဖိုကိုကြည့်ရင်း ...

"မီးငြိမ်းထားတာ မကြာသေးဘူးကွ ... ဒီနားတစ်ဝိုက်မှာ ချိုင့်ဝှမ်းလူမျိုးတွေ ကျက်စားနေပုံရတယ်၊ ဒီကနေ အမြန်ဖြတ်ရမယ်ဟေ့"

လို့ပြောပြီး လားများကို ဆောင့်ဆွဲရင်း ခပ်သုတ်သုတ်ထွက်သွားကြတယ်။

သူတို့ထွက်သွားတဲ့အခါ မုဆိုးကြီးတို့ဟာ ချုံပုတ်ထဲကနေ ထွက်ခဲ့ကြရင်း ...

"တော်သေးတယ်ဗျာ ... ကျုပ်က သူတို့ကို ချိုင့်ဝှမ်းမျိုးနွယ်တွေ ထင်နေတာ ... သူတို့ဟာ ဝေလန်စွန်ခေါင်ရွာကို သွားမယ့် လားကုန်သည်တွေပဲ"

နတ်ဆရာကြီးက နားမလည်နိုင်စွာနဲ့ ...

"ဝေလန်စွန်ခေါင်ကိုသွားမယ် ... ဟုတ်လား၊ ဘာလုပ်ကြလို့လဲ"

လို့ မေးလိုက်တဲ့အခါ မုဆိုးပန်ချူးက ...

"သူတို့ဟာ ခမ္ဗတီးက လာတဲ့ လားကုန်သည်တွေဗျ၊ သူတို့ဟာ ဝေလန်စွန်ခေါင်ရွာမှာရှိတဲ့ နွားသူဌေးကြီးကို သွားကြတာပါ"

နတ်ဆရာကြီးဟာ မျက်လုံးအစုံ ပြူးကျယ်သွားရင်း ...

"ဘာ ... လားကုန်သည်တွေက နွားသူဌေးဆီကို သွားမယ် ... ဟုတ်လား၊ ကြားရတာ အထူးအဆန်း ပါလား"

www.burmeseclassic.com



လို့ ရေရွတ်လိုက်တယ်။

မုဆိုးပန်ချူးဟာ နတ်ဆရာကြီးရဲ့စကားကြောင့် ပြုံးလိုက်ရင်း

"မထူးဆန်းပါဘူး နတ်ဆရာကြီးရယ် ... ဝေလန်စွန်ခေါင်ရွာမှာ အုပ်ချုပ်တဲ့ ရွာသူကြီးက နွားနောက် အကောင်တစ်ရာကျော်ပိုင်ဆိုင်တဲ့ နွားသူဌေးကြီးဗျ၊ နွားတင်မကဘူး ... တောင်ယာမြေကွက်တွေလည်း ဒီနယ်တစ်ကြောမှာ အများဆုံးပိုင်ဆိုင်တဲ့ သူကြီးတစ်ယောက်ပါ ...၊

သူဟာ ခမ္မတီးက ကုန်သည်တွေနဲ့ပေါင်းပြီး နွားနောက်တွေကို အရောင်းအဝယ် ပြုလေ့ရှိတယ်၊ လားကုန်သည်တွေဟာ သူ့ဆီသွားပြီး နွားနောက်တွေ ယူတယ်၊ ပြီးရင် ... ခမ္မတီးမှာ ပြန်ပြီးရောင်းချပေးရတယ် ...၊

လားကုန်သည် အတော်တော်များများဟာလည်း နွားသူဌေးကြီးရဲ့ တပည့်တွေပါပဲ၊ သူတို့ဟာ နွားသူဌေးကြီးရဲ့ ငွေရေးကြေးရေးမှာလည်း မကောင်းရာမကောင်းကြောင်းတွေ ရှိနေတတ်တယ်၊ သူတို့ကြရတာ ချိုင့်ဝှမ်းလူမျိုးစုတွေကို ထိတ်လန့်နေပုံရတယ် ...၊

ကျုပ်အထင်တော့ ချိုင့်ဝှမ်းလူမျိုးစုတွေဟာ လားကုန်သ



တွေဆီက ခမ္မတီးပို့မယ့် နွားနောက်တွေကို လုယက်တိုက်ခိုက်ပုံ ရတယ်ဗျ"

လို့ ပြောလိုက်တယ်။

နတ်ဆရာကြီးက တက်ခေါက်ရင်း ...

"တောက် .. ဒင်းတို့ သိပ်တရားလွန်နေပြီ၊ ကျုပ်တော့ ဒီကောင်တွေကို တိုက်ခိုက်ချင်နေပြီ"

လို့ လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်လိုက်တယ်။

မုဆိုးပန်ချူးကတော့ ဘာစကားမှ မပြောတော့ဘဲ ရေတံခွန်ရှိရာ ခရီးဆက်ဖို့ ပြင်လိုက်တော့တယ်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

"နတ်ဆရာကြီးတို့ ဘာတွေ ဆက်ကြဲရမလဲ"

# အပိုင်း (၁၃)

အလှ ...သတ္တိ ...



www.burmeseclassic.com

www.burmeseclassic.com

မှောင်စပျိုးချိန်မှာတော့ မုဆိုးပန်ချူးတို့ဟာ ရေတံခွန်ကို ရောက်ရှိသွားတယ်။

ရေတံခွန်အောက်ရှိ စမ်းချောင်းလေးဟာ စာရာမေတိတောင်မှ ဆီးနှင်းများ ပျော်ကျလာသော ချောင်းရေ ဖြစ်တယ်။



ဒါကြောင့် ရေခဲတမျှ အေးစက်နေတယ်။

ချောင်းရိုးတစ်လျှောက် ကြီးမားတဲ့ ကျောက်တုံးကြီးတွေ ရှိတဲ့ အတွက် သူတို့ဟာ ချောင်းရေကို မနက်မှ ဖြတ်ကူးရန် ဆုံးဖြတ် လိုက်ကြတယ်။

အဲဒီညက ... မုဆိုးပန်ချူးနဲ့ နတ်ဆရာကြီးဟာ ရေတံခွန် ...ားမှာရှိတဲ့ ကျောက်ဆောင်ကြားမှာ အိပ်လိုက်ရတယ်။

နောက်နေ့မနက်မှာတော့ သူတို့ဟာ ချောင်းရေကို ဖြတ်ကူးဖို့ ...င်ဆင်လိုက်ကြတယ်။

ကျောက်တုံးကြီးတွေဟာ ရေညှိအထပ်ထပ်တက်နေတဲ့အတွက် ...်ယောက်သား သတိထားပြီး ကျော်ဖြတ်ခဲ့ရတယ်။

မုဆိုးပန်ချူးတို့ဟာ တောင်ကျချောင်းကို ခက်ခဲစွာ ဖြတ်သန်း ...တဲ့အခါ ထူထပ်လွန်းတဲ့ ချုံတောကြီးတစ်ခုကို ဖြတ်ရပြန်တယ်။

နတ်ဆရာကြီးဟာ သက်ကြီးရွယ်အိုဖြစ်နေတာကြောင့် စိတ် ...ားတိုင်း ကိုယ်မပါနိုင်ရှာဘူး။

ဒါကြောင့် မုဆိုးပန်ချူးကပဲ တွဲပြီး ခေါ်ခဲ့ရတယ်။

ချိုင့်ဝှမ်းဒေသနဲ့ နီးကပ်လာတဲ့အခါ မုဆိုးကြီးဟာ စိတ်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားနေမိတယ်။

ကလေးငယ် အလီကို ချိုင့်ဝှမ်းလူမျိုးစုတွေရဲ့လက်က ဘယ်

နည်းနဲ့ ကယ်ထုတ်ရပ့ါ။

အလီ့ကို ကယ်ထုတ်ပြီးရင်တော့ လေရှိရှာမှာရှိတဲ့ မိတ်ဆွေ

ပန်းဘဲဆရာကြီးဆီသွားပြီး ရှေးဟောင်းကျောက်စိမ်းအိုးအိုး ပေးရမယ်

မုဆိုးပန်ချူးဟာ အတွေးနဲ့အတူ ခရီးဆက်ခဲ့ရင်း ချိုင့်ဝှမ်း

ဒေသရှိရာ ကုန်းမြင့်ကို ရောက်သွားခဲ့တယ်။

ချိုင့်ဝှမ်းဒေသဟာ ကြီးမားတဲ့တောင်ကြီး နှစ်ခုရဲ့အလယ်မှာ

တည်ရှိနေတယ်။

ဒါကြောင့် မုဆိုးကြီးတို့ဟာ အပေါ်စီးကနေ အတိုင်းသား

တွေ့နေရတယ်။

မုဆိုးပန်ချူးက နတ်ဆရာကြီးကို စိတ်အားတက်ကြွတဲ့ လေ

အရာနဲ့ ...

"နတ်ဆရာကြီး ... ဟိုးမှာ မြင်ရတဲ့ တောင်အောက်

အိမ်ကလေးတွေဟာ ချိုင့်ဝှမ်းလူမျိုးစုတွေနေတဲ့ အိမ်လေးတွေ

ကျုပ်တို့ ကလေးတွေကို ကယ်နိုင်တော့မယ်"



လို့ ညွှန်ပြရင်း ပြောလိုက်တယ်။

နတ်ဆရာကြီးဟာ မုဆိုးကြီး ညွှန်ပြရာကို ကြည့်ရင်း ...

"တောင်ဆင်းလမ်းက သိပ်ကြမ်းတယ်၊ အရမ်းလည်း မတ်

စောက်တယ် မုဆိုးလေး ... ကျုပ်တို့ အတော့်ကို ဆင်းယူရမယ်"

လို့ ပြန်ပြောတယ်။

ပြီးတဲ့အခါမှာတော့ မုဆိုးကြီးတို့ဟာ တောင်ဆင်းလမ်းကို

ခက်ခဲပင်ပန်းစွာ ဆင်းခဲ့ကြရတယ်။

တချို့နေရာတွေမှာ ကြိမ်တော၊ ဝါးတောတွေ ရှိတဲ့အတွက်

ခဲရာခဲဆစ် ငုပ်လျှိုးသွားရပြန်တယ်။

ချောက်ကမ်းပါးကို တွယ်ကပ်သွားရသလို တောင်ကမ်းပါး

အစွန်းတွေကို လျှောတိုက်ဆင်းပြီးလည်း သွားကြရတယ်။

မုဆိုးပန်ချူးတို့ဟာ သည်းထိတ်ရင်ဖိုဖွယ် အဆင်းလမ်းကို

ကြိုးစားဆင်းခဲ့ရတယ်။

မတ်စောက်တဲ့ တောင်အောက်ရောက်လေ ... လမ်း

ကြမ်းလေ ဖြစ်နေတယ်။

တောင်ဆင်းလမ်းရှိ တောဟာလည်း ပိုပြီး နက်လာတယ်

www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာရောက်တော့ . . . သစ်လုံးကြီးတွေ လဲကျနေတဲ့အတွက် မုဆိုး ပန်ချူးတို့ရဲ့ခရီးကို နှောင့်နှေးစေတယ်။

ဒါပေမဲ့ မုဆိုးကြီးနဲ့ နတ်ဆရာကြီးဟာ ဖွဲ့မလျှော့ဘဲ ချိုင့်ဝှမ်းဒေသကို ရောက်အောင်သွားခဲ့ကြတယ်။

မှောင်ရီပျိုးစအချိန်ရောက်တော့ ချိုင့်ဝှမ်းလူမျိုးစုတွေနေတဲ့ ရွာကြီးဆီ အောင်မြင်စွာ ရောက်ရှိသွားကြတယ်။

သူတို့ဟာ တောစပ်မှာပဲ မှောင်ရိပ်ခိုပြီး ရန်သူ့အခြေအနေကို အကဲခတ်နေကြတယ်။

ချိုင့်ဝှမ်းရွာ တစ်ရွာလုံး မီးရောင်ထိန်နေပြီး ပုံတီးသံကိုလည်း ကြားနေရတယ်။

ပုံသံတွေနဲ့အတူ "ဝူးဝါး . . . ဝူးဝါး" ဆိုတဲ့ အသံတွေတွေကိုပါ ကြားလိုက်ရတယ်။

မုဆိုးကြီးတို့ဟာ လူရိပ်လူခြည်ကို အကဲခတ်ရင်း ရွာနားကို တိုးကပ်သွား ကြတယ်။

ရွာနားရောက်တဲ့အခါ မီးပုံကြီးများနဲ့အတူ ဝိုင်းဖွဲ့ကခုန်နေတဲ့ လူတွေကို မြင်လိုက်ရတယ်။



ရွာသားတွေဟာ ကျွဲချို၊ ပုံ၊ မောင်း စတဲ့ တူရိယာပစ္စည်းတွေနဲ့ တီးမှုတ်ကခုန်နေကြတယ်။

မီးပုံကပွဲကြီးရဲ့အနားမှာလည်း နွားနောက်သားကို ဝါးလုံးကြီးတွေနဲ့ တံစို့ထိုးကင်ထားတဲ့ မီးဖိုကြီးတွေကို တွေ့လိုက်ရတယ်။

ချိုင့်ဝှမ်းလူမျိုးစုတွေဟာ အထိမ်းအမှတ်ပွဲတစ်ခု ကျင်းပနေပုံရတယ်။

မီးပုံပွဲမှာ ကခုန်နေသူတွေဟာ ယောကျ်ားတွေဖြစ်ပြီး နားတစ်ဖက်မှာ ယောက်သွားဖြူကို ပန်ထားသလို၊ ကျန်တစ်ဖက်မှာတော့ ဆံပင်တိုဖြတ်ပိုင်းကို ပန်ထားပြန်တယ်။

နာဂတွေရဲ့ အယူအဆက ယောက်သွားဖြူဟာ "အလှ" အတွက်ဖြစ်ပြီး၊ ဆံပင်တိုဖြတ်ပိုင်းကတော့ "သတ္တိ" ရှိကြောင်း ဖော်ပြခြင်းဖြစ်တယ်။

အဲ့ဒီဆံပင်တိုဖြတ်ပိုင်းဟာ နာဂတွေရဲ့ အဖိုးတန် ရတနာတစ်ပါးလည်း ဖြစ်တယ်။

ဘာကြောင့်လဲဆိုတော့ . . . အဲ့ဒီဆံပင်ဟာ ဘိုးဘွားစဉ်ဆက် ရန်သူ့ခေါင်းက ရယူထားတဲ့ ဆံပင်ဖြစ်ခြင်းကြောင့်ဖြစ်တယ်။

www.burmeseclassic.com

ရန်သူ့ဆံပင်ကို နားမှာ ပန်ဆင်ရခြင်းဟာ ဘိုးဘွားအမွေကို ဆက်ခံတဲ့ သဘောကိုယူဆကြတယ်။

''ငါတို့ဆွေမျိုးစုဟာ အလှလည်းရှိတယ်၊ သတ္တိလည်းရှိတယ်''

လို့ ကြွေးကြော်ထားခြင်းဖြစ်တယ်။

ချိုင့်ဝှမ်းလူမျိုးစုတွေဟာ ဝိုင်းဖွဲ့ကခုန်လိုက် ...နွားနောက် ကင်ကြီး ဖုံစားလိုက် ... ခေါင်းရှည်အိုးက အရည်ကို ခပ်သောက်လိုက်နဲ့ အပျော်ကြီး ပျော်နေကြတယ်။

မုဆိုးပန်ချူးဟာ အခြေအနေကို အကဲခတ်ကြည့်ရင်း ...

''ဒီကောင်တွေ အပျော်ကျူးနေချိန်မှာ ရွာထဲဝင်နိုင်ရင် အကောင်းဆုံးပဲဗျ။ ကျုပ်တို့ အခြေအနေကြည့်ပြီး လှုပ်ရှားကြမယ်''

လို့ နတ်ဆရာကြီးကို လေသံနဲ့ပြောလိုက်တယ်။

ဒီအချိန်မှာပဲ ရွာသားတစ်ယောက်ဟာ မုဆိုးကြီးတို့ရှိတဲ့ မြက်ရိုင်းပင်တွေနား လျှောက်လာပြီး အပေါ့စွန့်တာတွေ့ရတယ်။

မုဆိုးကြီးဟာ အခွင့်အရေးကို လက်လွှတ်မခံဘဲ ရွာသားကို အနောက်က ခုန်အုပ်ပြီး လှဲချလိုက်တယ်။

ခေါင်းရှည်ရှိန်တက်နေတဲ့ ရွာသားဟာ မြက်ရိုင်းပင်ကြား



မှောက်လျက် လဲကျသွားတယ်။

မုဆိုးကြီးက ရွာသားကို ဖမ်းချုပ်လိုက်ပြီး ပါးစပ်ကို အဝတ်နဲ့ ဆို့လိုက်တယ်။

ပြီးတော့ လက်ကို နောက်ပြန်ကြိုးတုတ်ရင်း သစ်ငုတ်မှာ ချည်ထားလိုက်တယ်။

ရွာသားရဲ့ကိုယ်မှာ ရှာကြည့်တဲ့အခါ ... သစ်ခေါက်ဆေးမြစ် ကို တွေ့ရတယ်။

မုဆိုးကြီးဟာ အဲ့ဒီသစ်ခေါက်မြစ်ကိုယူပြီး ရွာသားရဲ့ နှာခေါင်းဝမှာ တော့ပေးလိုက်တယ်။

ရွာသားမေ့မြောသွားတော့မှ ကိုယ်မှာပတ်ထားတဲ့ နံငယ်ပိုင်းနဲ့ နားမှာ တပ်ဆင်ထားတဲ့ ယောက်သွားဖြူ၊ ဆံပင်ဖြတ်ပိုင်းတွေကို ဖြုတ်ယူလိုက်တယ်။

အဲ့ဒါတွေကို မုဆိုးကြီးဟာ သူ့ကိုယ်မှာ ဝတ်ဆင်လိုက်တော့ တယ်။

နတ်ဆရာကြီးဟာ မုဆိုးကြီးရဲ့လုပ်ရပ်ကို ရင်ထိတ်စွာ ကြည့် ရင်း ...

www.burmeseclassic.com



"မုဆိုးလေး ... ဒါတွေဝတ်ပြီး ဝင်ကမလို့လား။ ကျုပ်တို့လူလာကယ်တာနော် ... မီးပုံပွဲလာတာ မဟုတ်ဘူး"

လို့ ပြောလိုက်တဲ့အခါ မုဆိုးကြီးက လက်ကာပြလိုက်ရင်း ...

"ကျုပ် ... သူတို့နဲ့ ဝင်ရောပြီး ကလေးတွေကို စုံစမ်းရမယ်။ နတ်ဆရာကြီး ဒီမှာပဲ စောင့်နေပါ၊ ကျုပ် ... လက်ခေါက်မှုတ် အချက်ပေးတော့မှ လိုက်ခဲ့ပေတော့"

လို့ ပြောပြီး ထွက်သွားတော့တယ်။

✧ ✧ ✧

"ချိုင့်ဝှမ်းလူမျိုးစုတွေက ...
မုဆိုးကြီးကို ဖမ်းမိသွားမလား။"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

ချိုင့်ဝှမ်း သခင်မကြီး ...

မုဆိုး ပန်ချူးဟာ မီးပုံပွဲထဲဝင်ပြီး ရောနှော ကခုန်လိုက်တယ်။

မုဆိုးပန်ချူးဟာ ချိုင့်ဝှမ်းလူမျိုးစုတွေနဲ့အတူ ကခုန်နေတုန်း သဲ ကျွဲချိုမှုတ်သံ ကြားလိုက်ရတယ်။

ကျွဲချိုမှုတ်သံနဲ့အတူ မီးပုံပွဲကျင်းပရာ မြေကွက်လပ်ကို ဆက်

www.burmeseclassic.com

www.burmeseclassic.com



စွယ်ဦးထုပ်နဲ့ လူကြီးတစ်ဦးရောက်လာပြီး ကျယ်လောင်တဲ့အသံနဲ့ ...

"ချိုင့်ဝှမ်းသခင်မကြီးကို ဒူးထောက် အရိုအသေပြုကြ

ဝက်စွယ်ဦးထုပ်နဲ့လူကြီးရဲ့ စကားအဆုံးမှာတော့ မျိုးနွယ်စု အားလုံးဟာ မြေပေါ်ဒူးထောက်ပြီး ခေါင်းကိုငုံ့ထားကြတယ်။

မုဆိုးပန်ချူးဟာလည်း သူတို့နည်းတူ ဒူးထောက်ထိုင်ချလိုက် တယ်။

အားလုံး ဒူးထောက်ထိုင်ပြီးချိန်မှာတော့ ကျွဲချိုမှုတ်သံကြ လိုက်ရတယ်။

ဒီအချိန်မှာပဲ အင်အား ဗလတောင့်တင်းတဲ့ ယောကျ်ားရှ ယောက် ထမ်းပိုးလာတဲ့ ဝေါယာဥ်တစ်စီးဟာ မြေကွက်လပ်ကြီးဆ ဆိုက်ရောက်လာတယ်။

ဝေါယာဥ်ရဲ့ ဘေးတစ်ဖက်စီမှာလည်း အခြွေအရံတွေ အမျာ ကြီး ပါလာတယ်။

ဒီအချိန်မှာပဲ ကျားသစ်သားရေနဲ့ ကာရံထားတဲ့ ဝေါယာဥ်ရဲ့ တံခါးဝဟာ ပွင့်သွားပြီး လူတစ်ယောက်ရဲ့အရိပ်ကို မြင်လိုက်ရတယ်။

မုဆိုးပန်ချူးဟာ ဒူးထောက်နေရာက မသိမသာ ခိုးကြည့် လိုက်တဲ့အခါ သိပ်အံ့ဩသွားမိတယ်။

ဝေါယာဥ်ပေါ်က ဆင်းလာသူဟာ အသက် ငါးဆယ်ဝန်းကျင်ရှိ အမျိုးသမီးကြီးတစ်ဦးဖြစ်နေတယ်။

အမျိုးသမီးကြီးဟာ ဆံပင်ကို နောက်စေ့မှာ ထုံးနှောင်ထားပြီး သားရိုးတစ်ချောင်းနဲ့ ဆံထိုးထိုးထားတယ်။

နာဂအမျိုးသမီးတွေ ဝတ်လေ့ရှိတဲ့ အဝတ်ပိုင်းစကို ခါးလယ်မှာ ခရုခွံခါးပတ်နဲ့ ဝတ်ဆင်ထားတယ်။

သူမရဲ့မျက်လုံးတွေကတော့ အရှယ်နဲ့မမျှအောင် စူးရှထက် မြက်လွန်းနေတယ်လို့ မုဆိုးကြီးဟာ ယူဆလိုက်တယ်။

ဒါပေမဲ့ သူမရဲ့မျက်နှာမှာတော့ ရက်စက်ကြမ်းကြုတ်တဲ့ လူမျိုး စုတစ်ခုရဲ့ အကြီးအကဲလို့ မထင်ရလောက်အောင် တည်ငြိမ်အေးချမ်း လွန်းလှတယ်။

အမျိုးသမီးကြီးဟာ ဒူးထောက်နေသူများရဲ့ရှေ့မှာ မားမားမတ် မတ်ရပ်လိုက်ရင်း ...

"သားတွေ အခုလို ပျော်ရွှင်နေတာမြင်တော့ အမေလည်း ပျော်မိတယ်၊ အမေတို့ဟာ ဟော့ဒီချိုင့်ဝှမ်းဒေသကြီးမှာ အတူတကွ

www.burmeseclassic.com



နေထိုင်ကြတယ်၊ စည်းလုံးညီညွတ်စွာနဲ့ ရန်သူကိုလည်းတိုက်ခိုက်ခဲ့ကြတယ်၊ ချိုင့်ဝှမ်းဒေသကြီးတည်တံ့ရေးအတွက် သားတို့ဟာ မျိုးဆက်သစ်ကလေးတွေကို ဆောင်ကျဉ်းပေးတယ်၊ လယ်ယာဥယျာဉ်အတွက် နွားနောက်တွေကို သယ်ဆောင်ပေးခဲ့တယ် ...၊

ငါ့သားတွေရဲ့ ကျေးဇူးတော်ကို တောင်ယာနတ်မင်းကြီးရဲ့ ကျေးဇူးတော်အတိုင်း အမေ ဘယ်တော့မှ မမေ့ပါဘူး ...၊

ဒီနေ့ဟာ ချိုင့်ဝှမ်းဒေသကို အမေအုပ်ချုပ်ခဲ့တာ နှစ်ပေါင်း သုံးဆယ်တိတိ ပြည့်တဲ့နေ့ပါပဲ၊ အဲ့ဒီအတွက် ... သားတွေကို ပျော်ရွှင်ပွဲတွေ ကျင်းပပေးခဲ့တယ်၊ သားတွေ ပျော်ရွှင်တာမြင်ရတော့ အမေ့ ရင်ထဲမှာ ပြောမပြနိုင်အောင် ကြည်နူးမှုတွေ ဖြစ်ရပါတယ် ...၊

အမေဟာ ချိုင့်ဝှမ်းဒေသကို အုပ်ချုပ်ရတဲ့၊ ထိန်းကျောင်းပေးရတဲ့ "သခင်မ" လို့ အများက ခေါ်ဝေါ်ကြပေမယ့် အရာအားလုံးဟာ တောင်ယာနတ်မင်းတွေနဲ့ ဘိုးဘွားဝိညာဉ်တို့ရဲ့ ဆန္ဒပါပဲ ...၊

သားတွေအပေါ် အမေ မှားခဲ့တာရှိရင် ခွင့်လွှတ်ပေးကြပါ၊ ငါ့သားတွေ မှားခဲ့တာရှိရင်လည်း အမေ ခွင့်လွှတ်ပါတယ်၊ အပြန်အလှန် မေတ္တာတရားတွေ မျှဝေနိုင်မှ ဒို့မျိုးနွယ်စုကြီးဟာ အသက်ရှည်မယ်၊



ချွန်အားတွေ တိုးပွားမယ်၊ လောကဟာ လူသားတွေအတွက် တစ်မက်မှု အမျိုးမျိုးကို ဖန်တီးပေးထားတယ်၊ လူတွေရဲ့ အတွင်းစိတ်မှာ "ငါ ...ဒို့" ဆိုတဲ့အတ္တကို ကိုးကွယ်နေကြတယ် ... အမေတို့ဟာ "ငါ ...ဒို့" ဆိုတဲ့ ကိုးကွယ်မှုကို ပယ်နေသရွေ့ ဘယ်တော့မှ လွတ်မြောက်မှုရှိမှာ မဟုတ်ဘူး ...၊

လောကမှာ စစ်မှန်တဲ့ကြွယ်ဝမှုဆိုတာ အရာဝတ္ထု မဟုတ်သလို ငွေအသပြာလည်း မဟုတ်ပါဘူး။ ချောင်းရေကို ငုံ့ကြည့်လို့ မြင်ရတာဟာ အရိပ်ပါ ... စစ်မှန်ခြင်း မဟုတ်ဘူး။ အရိပ်ဟာ အရိပ်ပါပဲ၊

ချိုင့်ဝှမ်းဒေသကြီး ဒီ့ထက် ပိုသာယာပါစေ ... နောက်လာ နောက်သားတွေနဲ့ စည်ပင်ပါစေ၊ ဆန်စပါးတွေ ပေါ်များ ပါစေကွယ်"

လို့ပြောပြီး ညင်သာတဲ့ခြေလှမ်းတွေနဲ့ ဝေါယာဉ်ပေါ် ပြန်တက်သွားတယ်။

မျိုးနွယ်စုတွေဟာ မြေပြင်ကို ခေါင်းနဲ့ထိပြီး အရိုအသေပြုကြရင်း ...

"ချိုင့်ဝှမ်းသခင်မကြီး ... အေးချမ်းပါစေ"

လို့ တစ်ခဲနက် ဆုတောင်းလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝေါယာဉ်ထွက်ခွာသွားတဲ့အခါ ပုံတီးသံကို ကြားလိုက်ရတယ်။

လူမျိုးစုတွေဟာလည်း မီးပုံကြီးကို ဝိုင်းဖွဲ့ရင်း ပြန်လည် ကခုန်ကြတယ်။

မုဆိုးပန်ချူးဟာ ထူးဆန်းတဲ့ ချိုင့်ဝှမ်းသခင်မနဲ့ လူမျိုးစုတွေကို တအံ့တသြဖြစ်နေမိတယ်။

ချိုင့်ဝှမ်းသခင်မရဲ့ နက်နဲတဲ့ စကားလုံးတွေဟာ မုဆိုးပန်ချူးရဲ့ နားမှာ ပဲ့တင်ထပ်နေတော့တယ်။

✧ ✧ ✧

"ချိုင့်ဝှမ်းဒေသမှာ လျှို့ဝှက်ချက်ရှိတယ် ..
အဲဒါ ဘာဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

သစ်လုံးနန်းတော် ...

မုဆိုး ပန်ချူးဟာ လူမျိုးစုတွေနဲ့အတူ ကခုန်ရင်း အခြေအနေတို့ အကဲခတ်နေတယ်။

ညဉ့်နက်လာတဲ့အခါမှာတော့ ကခုန်နေသူတချို့ဟာ ခေါင်ညြိထန်နိုးကြောင့် တုံးလုံးပက်လက် အိပ်ပျော်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မုဆိုးပန်ချူးဟာ မီးပုံပွဲနားကနေ မသိမသာ ခွာထွက်ရင်း ဝါးရွက်မိုးတဲတွေရှိရာ ချဉ်းကပ်ခဲ့တယ်။

တဲအိမ်တစ်လုံးနားရောက်တော့ မှောင်ရိပ်ခိုနေတဲ့ အရိပ်တစ်ခုကို မြင်လိုက်ရတယ်။

မုဆိုးပန်ချူးဟာ ခြေသံလုံအောင်ထိန်းလျှောက်ရင်း အရိပ်နားကို ချဉ်းကပ်လိုက်မိတယ်။

ဒီအခါမှာ ကလေးငယ်တစ်ယောက်ဟာ အမှောင်ထဲထိုင်ရင်း အသားကင်တွေကို အငမ်းမရ စားသောက်နေတာ တွေ့လိုက်ရတယ်။

ကလေးငယ်ရဲ့အနားရောက်တော့ မုဆိုးပန်ချူးဟာ သစ်ကိုင်းခြောက်တစ်ခုကို နင်းမိပြီး "ချွတ်" ခနဲ အသံထွက်သွားတယ်။

အသံကြောင့် ကလေးငယ်ဟာ အထိတ်တလန့်အမူအရာနဲ့ အနောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။

မုဆိုး ပန်ချူးကိုမြင်တဲ့အခါ ကလေးငယ်ဟာ အသားကင်ကို ပစ်ချပြီး ထွက်ပြေးဖို့ ပြင်လိုက်တယ်။

မုဆိုးပန်ချူးဟာ ကလေးငယ်ရဲ့လက်ကို အလျင်အမြန် လှမ်းဆွဲလိုက်ပြီး ချုပ်နှောင်လိုက်တယ်။



ကလေးငယ်ဟာ မုဆိုးပန်ချူးရဲ့လက်မှာ ကြောက်လန့်ပြီး ရုန်းကန်နေရှာတယ်။

မုဆိုးပန်ချူးဟာ ကလေးငယ်ရဲ့ပါးစပ်ကို ပိတ်ထားလိုက်ရင်း

"ကောင်လေး ... မင်းကို ချိုင့်ဝှမ်းလူမျိုးစုတွေ ဖမ်းဆီးထားတာ မဟုတ်လား။ ငါ့ကို ကြောက်စရာမလိုဘူး၊ ငါက မင်းတို့ကို ကယ်ဖို့ရောက်လာတာ၊ မင်း ... လုံးဝ အသံမထွက်ပါနဲ့"

လို့ ပြောလိုက်တဲ့အခါ ကလေးငယ်ဟာ ရုန်းကန်နေတာရပ် သွားပြီး မုဆိုးကြီးကို အံ့ဩတကြီး ကြည့် လိုက်တယ်။

"ဟင် ... သမီးတို့ကို လာကယ်တာ ... ဟုတ်လား"

ကလေးငယ်ရဲ့ ရေရွတ်သံကြောင့် မုဆိုးပန်ချူးဟာ ကလေးငယ်ကို သေချာကြည့်လိုက်ရင်း ...

"မင်းကမိန်းကလေးကိုး ... ယောကျ်ားလေးပုံစံနဲ့ဆိုတော့ ငါက ကောင်လေးမှတ်နေတာ၊ ဟုတ်တယ် ကောင်မလေး ... ငါက မင်းတို့ကို လာကယ်တာပဲ၊ ကလေးတွေကို ဖမ်းဆီးထားတဲ့နေရာ ငါ့ကို လိုက်ပြပါ၊ မင်းတို့အားလုံး ဘယ်နှယောက်ရှိသလဲ"

မုဆိုးကြီးရဲ့ အမေးကြောင့် ကောင်မလေးက ပြုံးစားလိုက်ရင်း

www.burmeseclassic.com



"ဝါးရွက်တဲတန်းကြီးရဲ့အဆုံးမှာ ရွက်ဖျင်တဲကြီး တစ်လုံး ရှိတယ် . . . အဲ့ဒီရွက်ဖျင်တဲမှာ ကျွန်မတို့ နေရတာ၊ အားလုံး ဆယ့်ကိုး ယောက်ရှိတယ်၊ ဒါပေမဲ့ အခုတော့ ဆယ့်ရှစ်ယောက်ပဲ ရှိတော့တယ်"

လို့ ပြောတယ်။

"ဆယ့်ကိုးယောက်ကနေ တစ်ယောက်လျော့သွားတယ်ဆို တော့ အဲ့ဒီကလေးက ဘယ်ရောက်သွားလို့လဲကွ"

မုဆိုးပန်ချူးရဲ့စကားကြောင့် မိန်းကလေးက သွက်လက်စွာပဲ

"သူက အကြိမ်ကြိမ်ထွက်ပြေးဖို့ ကြိုးစားတယ်လေ၊ ဒါကြောင့် သူ့ကို ချိုင့်ဝှမ်းသခင်မကြီးရဲ့ သစ်လုံးနန်းတော်မှာ ခေါ်ထားတယ်၊ သူဟာ ကျွန်မတို့ ကလေးအဖွဲ့ထဲမှာတော့ သတ္တိအကောင်းဆုံးပါပဲ၊ ပြီးတော့ သူဟာ ချိုင့်ဝှမ်းဒေသကို နောက်ဆုံးရောက်ခဲ့တဲ့သူပဲ"

လို့ ပြောလိုက်တဲ့အခါ မုဆိုးပန်ချူးဟာ မျက်လုံးအရောင် တောက်သွားရင်း . . .

"အဲ့ဒီကလေးရဲ့ နာမည်က ဘယ်သူလဲ"

ကောင်မလေးက ခေါင်းခါယမ်းလိုက်ရင်း . . .

"ဟင့်အင်း . . . သူက ရောက်တာနဲ့ ထွက်ပြေးဖို့ ကြိုးစားခဲ့



တာ၊ သူနဲ့ ကျွန်မတို့ စကားပြောခွင့်မရလိုက်ဘူး၊ ဒါပေမဲ့ . . . သူဟာ တစ်ယောက်တည်းထိုင်ပြီး စကားတွေလည်း ပြောလေ့ရှိတယ်၊ သူပြော တဲ့စကားကိုတော့ ကျွန်မ တစ်စွန်းတစ်စ ကြားဖူးတယ် . . . ဘာတဲ့ ဦးလေးတို့ . . . ကျားကြီးတို့ ဆိုတာတွေပဲ ကျွန်မ မှတ်မိတော့တယ်"

လို့ပြောလိုက်တဲ့အခါ မုဆိုးပန်ချူးဟာ အကြီးအကျယ် စိတ် လှုပ်ရှားသွားမိတယ်။

သူ့ဘဝနောက်ကြောင်းကို အလီလေးအား ပြောပြခဲ့ပုံကို ပြန် ပြီး အမှတ်ရမိတယ်။

ဒါကြောင့် ကောင်မလေးရဲ့ပခုံးကို လှုပ်ယမ်းလိုက်ရင်း . . .

"သစ်လုံးနန်းတော်က ဘယ်မှာရှိသလဲ . . . မင်းသိသလား . . . ဦးလေးကို ပြောပြစမ်းပါ"

"သိတာပေါ့ . . . ကျွန်မတို့ မနက်တိုင်း သခင်မကြီးရဲ့ သစ် လုံးနန်းတော်ဘေးက စိုက်ခင်းမှာ ပျိုးစေ့သွားကြဲရတာ၊ ရွက်ဖျင်တဲ ကနေ တည့်တည့်သွားရင် ဓားတွေပြုလုပ်တဲ့ ပန်းဘဲဖိုကြီးကို တွေ့ရ လိမ့်မယ်၊ ပန်းဘဲဖိုကနေ ညာဘက်ကိုချိုးကွေ့လိုက်ရင် သခင်မကြီးရဲ့ ကြီးကျယ်ခမ်းနားတဲ့ သစ်လုံးနန်းတော်ကို ရောက်လိမ့်မယ်၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးနန်းတော်ကိုရောက်ရင် ဦးလေး သတိထားရလိမ့်မယ်၊ သစ်လုံးနန်းတော်ရဲ့ပတ်လည်မှာ အဆိပ်လူးမြားကိုင်တဲ့ အစောင့်တွေရှိတယ်၊ စည်းရိုးပတ်ပတ်လည်မှာလည်း ဆူးထောင်ခြောက်တွေ ရှိတယ် …

စည်းရိုးရဲ့အတွင်းမှာတော့ ခွေးဘီးလူးအစောင့်တွေ ရှိတယ်၊ ခွေးဘီးလူးတွေဟာ ရန်သူရဲ့အနံ့ကို သိပ်သိတယ် … ဦးလေး အရမ်းသတိထားရလိမ့်မယ်''

လို့ သတိပေးစကားပြောလာတယ်။ မုဆိုးပန်ချူးဟာ ကောင်မလေးရဲ့အနား ဒူးထောက်ထိုင်လိုက်ရင်း …

''ဦးလေးအတွက် စိတ်မပူပါနဲ့ … ဦးလေးဟာ ဒီနေရာကနေ အကြိမ်ကြိမ်ထွက်ပြေးဖို့ ကြိုးစားတဲ့ ကောင်လေးရဲ့ ဦးလေးပါ၊ ဦးလေး သစ်လုံးနန်းတော်ကို အရင်သွားမယ်၊ ပြီးရင် မင်းတို့အားလုံးကို ကယ်ထုတ်မယ်၊ ဒါပေမဲ့ လောလောဆယ်တော့ ဒီအကြောင်းကို ဘယ်သူ့မှ လျှောက်မပြောရဘူး … သိလား''

လို့ ပြောလိုက်တဲ့အခါ ကောင်မလေးဟာ ခေါင်းညိတ်ပြရင်း

''ကျွန်မ နားလည်ပါတယ် ဦးလေးရဲ့၊ ဦးလေးသာ သတိထားပြီး သွားပါ၊ ဦးလေးအန္တရာယ်ကင်းဖို့ ကျွန်မ နတ်မင်းကြီးကို တိုင်တည်ပြီး ဆုတောင်းပေးနေပါ့မယ်''



လို့ သွက်လက်စွာ ပြောသွားတယ်။

ဒီအချိန်မှာပဲ အစောင့်တပ်သားတစ်ယောက်ရဲ့ အရိပ်ကို တွေ့လိုက်ရတယ်။

ကောင်မလေးဟာ မုဆိုးကြီးကို လက်ဟန်ခြေဟန်နဲ့ အချက်ပြရင်း အမှောင်ထုထဲကို ပြေးဝင်သွားတော့တယ်။

မုဆိုးပန်ချူးဟာ အစောင့်တပ်သားနဲ့ နီးကပ်နေတာကြောင့် ဟန်မပျက် ဆက်ရပ်နေလိုက်တယ်။

အစောင့်တပ်သားဟာ ဒယိမ်းဒယိုင် ခြေလှမ်းတွေနဲ့ သူ့အနားရောက်လာပြီး …

''ဟေ့ကောင် … အတော်ပဲကွာ၊ ငါ မီးပုံပွဲသွားချင်လို့ မင်းရှက်ဖျင်တဲမှာ သွားစောင့်ပေးစမ်းပါ''

လို့ပြောရင်း မီးပုံပွဲရှိရာ ဆက်လျှောက်သွားတယ်။

ဒီအခါမှ မုဆိုးပန်ချူးဟာ ရှက်ဖျင်တဲရှိရာကို ခပ်သွက်သွက် ထွက်ခဲ့တယ်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

"သစ်လုံးနန်းတော်မှာ ... ဘာ ဆက်ဖြစ်မလဲ၊"

# အပိုင်း (၁၄)

ထူးဆန်းသော ကံကြမ္မာ ...

www.burmeseclassic.com

www.burmeseclassic.com

မုဆိုး ပန်ချူးဟာ မှောင်ရိပ်ခိုရင်း သစ်လုံးနန်းတော်ရဲ့ အနီးကို ချဉ်းကပ်သွားတယ်။

စည်းရိုးရှိ ကင်းစခန်းမှာတော့ ခေါင်းရည်သောက်ပြီး အတုံးအရုံးအိပ်ပျော်နေတဲ့ အစောင့်တပ်သားတွေကို တွေ့ရတယ်။



ဒါကြောင့် မုဆိုးပန်ချူးဟာ ကင်းစခန်းအနီးကို ချဉ်းကပ်သွားရင်း စည်းရိုးအတွင်းကို ချောင်းမြောင်းကြည့်ရှုလိုက်တယ်။

အိမ်တော်အတွင်းမှာတော့ မာန်ဖီနေတဲ့ ခွေးဘီးလူးနှစ်ကောင်ဟာ သားကောင်ကို အစွယ်ဖွေးဖွေးနဲ့ စောင့်မျှော်နေကြတယ်။

မုဆိုးပန်ချူးဟာ ကင်းစခန်းမှာ အသင့်တွေ့ရတဲ့ နွားနောက်သားကင်တုံးကြီးကို ယူလိုက်တယ်။

ပြီးတော့ စည်းရိုးထဲမှာရှိတဲ့ ခွေးဘီလူးကြီးတွေ ရှိရာကို လှမ်းပစ်ပေးလိုက်တယ်။

အသားတုံးကိုမြင်တဲ့အခါ ... ခွေးဘီလူးကြီးနှစ်ကောင်ဟာ အလုအယက် ဆွဲဖဲ့စားသောက်ကြတော့တယ်။

ဒီအခါမှ မုဆိုးကြီးဟာ စည်းရိုးအတွင်းကို ကျော်ဝင်လိုက်ပြီး သစ်လုံးနန်းတော်ရှိရာ အိမ်တော်အနီးကို ချဉ်းကပ်သွားလိုက်တယ်။

အိမ်တော်ရဲ့ သစ်လုံးနံရံနားရောက်တော့ စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရတယ်။

မုဆိုးကြီးဟာ ပြတင်းပေါက်ရှိရာကို ခြေသံလုံအောင် ချောက်သွားရင်း ချောင်းမြောင်းကြည့်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ လှံရှည်ကိုင် အစောင့်တပ်သားနှစ်ယောက်ဟာ အိမ်တော်တွင်းမှာ လမ်းလျှောက်နေတာ တွေ့လိုက်ရတယ်။

မုဆိုးပန်ချူးဟာ ခဲတစ်လုံးကို ကောက်ယူပြီး သစ်လုံးနံရံကို ပစ်ပေါက်လိုက်တယ်။

အစောင့်တပ်သားဟာ အသံကြားရာကို လျှောက်လာရင်း ပြတင်းပေါက်ကို ငုံ့ကြည့်လိုက်တယ်။

မုဆိုးပန်ချူးဟာ ပြတင်းပေါက်ဘောင်ကို ခိုဆွဲတက်လိုက်ရင်း အစောင့်တပ်သားရဲ့မျက်နှာကို အားကုန် ဆောင့်ကန်လိုက်တယ်။

မုဆိုးကြီးရဲ့ကန်ချက်ကြောင့် အစောင့်တပ်သားဟာ နောက်ပြန်လဲကျသွားရှာတယ်။

ကျန်အစောင့်တစ်ယောက်ဟာ ကြောင်ငေးရင်း အဖော်ဖြစ်သူရဲ့ကိုယ်ကို ပြေးပွေ့လိုက်တယ်။

မုဆိုးပန်ချူးဟာ အစောင့်တပ်သားရှိရာ ခုန်အုပ်လိုက်ရင်း လက်သီးနဲ့ ဆင့်ကာ ဆင့်ကာ ထိုးလိုက်တယ်။

အငိုက်မိသွားတဲ့ အစောင့်တပ်သားဟာ မုဆိုးကြီးရဲ့ထိုးချက်ကို မရှောင်နိုင်ဘဲဖြစ်သွားတယ်။



မုဆိုးကြီးဟာ အသင့်ပါလာတဲ့ သစ်ခေါက်မြစ်ကို ထုတ်ပြီး အစောင့်တပ်သားရဲ့နှာခေါင်းဝမှာ တေ့ပေးလိုက်တယ်။

အစောင့်တပ်သား မေ့မြောသွားချိန်မှာတော့ မုဆိုး ပန်ချူးဟာ အိမ်တော်တွင်းရှိ အခန်းတွေကို ဝင်ရောက်ပြီး အလှီကို ရှာဖွေတော့တယ်။

အခန်းတစ်ခုထဲအရောက်မှာတော့ မုဆိုးကြီးဟာ အမွှေးနံ့တစ်မျိုးကို ရှူရှိုက်လိုက်မိတယ်။

ဒီအချိန်မှာပဲ အခန်းတွင်းမှ ...

"တော်ပါပြီကွယ် ... ဆီမွှေးလိမ်းတာ ဒီလောက်ဆို ရပါပြီ၊ မင်းတို့ မီးပုံပွဲ သွားကြပါတော့"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

မုဆိုးကြီးဟာ သစ်စေးသုတ်ထားတဲ့ သစ်လုံးတံခါးကို အသာဟပြီး ကြည့်လိုက်တဲ့အခါ၊ ကျွန်းခုတင်ကြီးပေါ် တစောင်းလှဲနေတဲ့ သခင်မကြီးကို တွေ့လိုက်ရတယ်။

တပ်သားနှစ်ယောက် ကြမ်းပေါ် ဒူးထောက်ထိုင်ရင်း သခင်မကြီးရဲ့ ခြေထောက်အစုံကို နှိပ်နယ်ပေးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ဆီမွှေးအိုးကိုင်ထားတဲ့ တပ်သားဟာ ထရပ်လိုက်ရင်း အခန်းပြင်ထွက်ဖို့ ပြင်လိုက်တယ်။

မုဆိုးကြီးလည်း အနီးမှာရှိတဲ့ ကျွန်းသေတ္တာကြီးထဲ ဝင်ပြီး အမြန်ပုန်းနေလိုက်ရတယ်။

မုဆိုးကြီးဟာ ကျွန်းသေတ္တာကြီးထဲ ပုန်းအောင်းရင်း အပြင်က အသံကို နားစွင့်နေမိတယ်။

ဒီအချိန်မှာပဲ ...

"ကျွန်းသေတ္တာထဲကလူ ... ထွက်ခဲ့ပါ"

ဆိုတဲ့ သခင်မကြီးရဲ့အသံကို ကြားလိုက်ရတယ်။

မုဆိုးပန်ချူးဟာ သခင်မကြီးရဲ့အသံကြောင့် ခေါင်းနားပန်းကြီးသွားမိရင်း သေတ္တာထဲက အသာထွက်လိုက်တယ်။

မုဆိုးပန်ချူးဟာ အသင့်ဖွင့်ထားတဲ့ သစ်လုံးတံခါးကို တွန်းဖွင့်ရင်း အခန်းတွင်း ဝင်ခဲ့မိတယ်။

ချိုင့်ဝှမ်းသခင်မကြီးဟာ ခုတင်စောင်းထက် ထိုင်နေရင်းက ...

"သင် ... ဘယ်သူလဲ၊ ဘာအကြောင်းကြောင့် သစ်လုံးနန်း



တော်ထဲ ရောက်နေရတာလဲ"

လို့ မုဆိုးကြီးကို စူးစိုက်ကြည့်ရင်းမေးလာတယ်။

မုဆိုးပန်ချူးဟာ သခင်မကြီးရဲ့မျက်နှာကို စေ့စေ့ကြည့်လိုက်ရင်း ...

"ကျုပ်နာမည် ပန်ချူး၊ မုဆိုးပန်ချူး ... ကျုပ် အလို့ကို လာကယ်တာ ... သူ ဘယ်မှာလဲ"

လို့ ခပ်ပြတ်ပြတ်မေးလိုက်တဲ့အခါ သခင်မကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း ...

"သြော် ... လှစွမ်းကောင်းလေးကို လာကယ်တာကိုး။ ဒီကလေးဟာ သိပ်ချစ်ခင်ဖို့ ကောင်းသလို၊ ဉာဏ်ရည်လည်း ထက်ပါပေတယ်၊ ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားလို့ အိမ်တော်ထဲမှာခေါ်ပြီး ထိန်းသိမ်းထားပါတယ်"

လို့ အေးအေးတည်ငြိမ်စွာ ပြောတယ်။

မုဆိုးပန်ချူးဟာ သခင်မကြီးရဲ့အမူအရာကို ကြည့်ရင်း ဒေါသထွက်သွားပြီး ...

"ခင်ဗျားဟာ ... နှုတ်ချိုသလောက် သိပ်ရက်စက်တဲ့ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲ၊ ခင်ဗျား မတရားဖမ်းချုပ်ထားတဲ့ ကလေးတွေမှာ မိဘ ရှိတယ်၊ ခင်ဗျားဟာ ဘွားအေအရွယ်ကြီး ဖြစ်ပြီး စာနာစိတ်မရှိ သိမ်အံ့သြတယ်၊ စကားကြီးစကားကျယ်တွေပြောပြီး ခင်ဗျားရဲ့အ အတွက် ကလေးတွေကို ဖမ်းဆီးထားတာ သိပ်မှန်နေတယ်လို့ ခင် ထင်သလား။ ကလေးတွေအားလုံးကို ပြန်လွှတ်ပေးပါ ... မဟုတ် ကတော့ ချိုင့်ဝှမ်းဒေသတစ်ခုလုံး ကျုပ် မီးတိုက်ပစ်မယ်''

လို့ ကြုံးဝါးလိုက်တဲ့အခါ သခင်မကြီးက သဘောကျ ပြုံးလိုက်ရင်း ...

''သနားစရာကောင်းလိုက်တဲ့ မုဆိုးကြီးရယ် ... မင်း တောမုဆိုးဆိုတော့ တိရိစ္ဆာန်တွေရဲ့အကြောင်းပဲ နားလည်မှာ လူ့လောကကြီးရဲ့အကြောင်း ဘာမှမသိရှာပါလား။ မိဘတွေရဲ့ ချစ်ခြ မှန်းခြင်းတွေကြောင့် ကလေးတွေဟာ မြေစာပင်ဖြစ်ရတယ် ...၊

ဆရာစိတ်ပြင်းထန်လွန်းတဲ့ ဆရာတွေကြောင့် ကလေး ဟာ မာန်မဲခံရတယ်၊ ရွာသူကြီးနှစ်ဦးရဲ့ အတ္တကြောင့် ရွာသား အချင်းများရတယ်၊ ဘိုးဘွားစဉ်ဆက်ရန်ငြိုးတွေကြောင့် မျိုးဆက်သ ကလေးတွေ ဓား လှံ ကိုင်ခဲ့ကြတယ် ...၊



''ငါ'' ... ဆိုတဲ့ အတ္တနောက်မှာ ရှာလိုက်ရတဲ့ စည်းစိမ်တွေ ... ဝမ်းတစ်ထွာအတွက် နဖူးကချွေး မြေကျအောင် လုပ်လိုက်ရတဲ့ အလုပ်တွေ ... ဒါတွေအားလုံးဟာ လောကကြီးရဲ့ အမှန်တရားပါပဲ။ ကျုပ်ကို အတ္တကြီးတယ်လို့ မုဆိုးကြီးက ပြောတယ်၊ မုဆိုးကြီးကရော ''အလီ'' ဆိုတဲ့ အတ္တစိတ်ကြောင့် အခု ကျုပ်ရဲ့အိမ်တော်ထဲ ရောက် ခဲ့ရပြီ မဟုတ်လား။ လောကမှာ လူမသေဖူးတဲ့အိမ် မရှိသလို ''ငါ'' စွဲကင်းတဲ့လူလည်း မရှိပါဘူး။ မုဆိုးကြီးရဲ့ စွဲချက်ကို ပြန်ပြီး ရုပ်သိမ်း လိုက်ပါ''

''ခင်ဗျားကြီး စကားတတ်တိုင်း အပိုပြောမနေနဲ့၊ အလီ ဘယ်မှာလဲ ... ထုတ်ပေးပါ။ မဟုတ်လို့ကတော့ ခင်ဗျားရဲ့ အရုပ်လုပ် ရုပ်အားလုံးကို မီးရှို့ဖျောက်ပစ်ရလိမ့်မယ်''

လို့ ဒေါသတကြီး ပြောလိုက်တဲ့အခါ သခင်မကြီးဟာ သတ် ပြင်းချလိုက်ရင်း ...

''ကျုပ်ကို အရုးလို့ပြောတာ မုဆိုးကြီး သိပ်မှားသွား တကယ်တော့ ကျုပ်ကိုယ်တိုင်လည်း မိဘတွေရဲ့အယူအဆ အစွဲတွေ ကြောင့် မြေစာပင်ဖြစ်နေတဲ့ လူတစ်ယောက်ပါ၊ ကျုပ်ဟာ နာလှူ့မျိုး

www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါဘူး။ မုဆိုးကြီးကို ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။

တစ်ခါက မြို့စားကြီးရဲ့သမီးတစ်ယောက်ဟာ မိဘလက်မခံနိုင်တဲ့ ယောကျ်ားနောက်ကို လိုက်ခဲ့တယ်၊ မြို့စားကတော်ကြီးဟာ သမီးကြောင့် အရှက်ရပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်၊ မြို့စားကြီးဟာ သမီးလည်းရှုံး, မိန်းမလည်းဆုံးတဲ့အတွက် နေရပ်ကို စွန့်ခွာပြီး နာဂတောင်တန်းတွေကြားမှာ ဘဝကို မြှုပ်နှံခဲ့တယ် …၊

မြို့စားကြီးနဲ့အတူ ရွှေဟောင်းပန်းအိုးလေးတစ်လုံး ပါသွားခဲ့တယ်၊ အဲ့ဒီရွှေဟောင်းပန်းအိုးလေးဟာ ကြမ္မာဆိုးသင့်နေတဲ့ ပန်းအိုးလို့ မြို့စားကြီးက ယူဆခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ … အဲ့ဒီပန်းအိုးလေး ရောက်ရှိချိန်မှာပဲ မြို့စားကြီးတို့မိသားစုဟာ ကြမ္မာဆိုးသင့်ခဲ့တယ်လို့ မြို့စားကြီးက ထင်နေရှာတယ် …၊

ဒီအချိန်မှာပဲ မိဘသဘောမတူတဲ့လူနောက် ခိုးရာလိုက်သွားတဲ့ မြို့စားသမီးဟာ ပြဿနာကြီးနဲ့ ရင်ဆိုင်ရတော့တယ်၊ ပကာသနဂုဏ် … စည်းစိမ်ကို မက်မောတဲ့ သူ့ယောကျ်ားဟာ မိဘဆွေမျိုးတွေရဲ့ စွန့်ပယ်မှုကို ခံရတဲ့ မြို့စားသမီးကို စွန့်ပစ်ပြီး ထွက်သွားတော့တယ် …၊



ဒီအခါမှ မြို့စားသမီးဟာ မြို့စားကြီးရဲ့အိမ်တော်ကို မျက်ရည်စက်လက်နဲ့ ပြန်လာခဲ့တယ်၊ အိမ်တော်ကိုရောက်တော့ မိဘတွေရဲ့ သတင်းဆိုးကို ကြားသိသွားပြီး ရင်ထုမနာဖြစ်ခဲ့ရတယ် … မြို့စားသမီးဟာ သူ့မိုက်ပြစ်တွေကို ပြန်ပေးဆပ်တဲ့အနေနဲ့ နာဂတောင်တန်းတွေကြား ဇာတ်မြှုပ်သွားတဲ့ ဖခင်ကြီးနဲ့ ရွှေဟောင်းပန်းအိုးလေးကို တွေ့အောင်ရှာမယ်လို့ ဆုံးဖြတ်ချက်ချခဲ့တယ် …၊

အဲ့ဒီအချိန်ကစပြီး မြို့စားသမီးဟာလည်း နာဂတောင်တန်းတွေကြား တစ်ကိုယ်တော် ထွက်ခဲ့ပြီး ဇာတ်မြှုပ်နေခဲ့တော့တယ်”

လို့ ပြောရင်း အဆုံးသတ်လိုက်တယ်။ မုဆိုးကြီးဟာ သခင်မကြီးရဲ့စကားကြောင့် အကြီးအကျယ် အံ့ဩမှင်တက်သွားမိတယ်။

လှိုဏ်ကြီးထဲက ရရှိခဲ့တဲ့ ရွှေဟောင်းပန်းအိုးလေးနဲ့ ကျောက်ထက်အက္ခရာတွေကိုလည်း ပြန်လည် အမှတ်ရလိုက်မိတယ်။

“ဟင် … ဒါဆို ချိုင့်ဝှမ်းသခင်မကြီးဟာ …”

မုဆိုးကြီးရဲ့ စကားမဆုံးခင်ဘဲ သခင်မကြီးက ခေါင်းညိတ်လိုက်ရင်း …

“ဟုတ်ပါတယ် … ကျုပ်ဟာ ချိုင့်ဝှမ်းသခင်မလို့ အမည်ခံ

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ခမ္မတီးမြို့စားကြီးရဲ့ သမီးတော်ပါပဲ၊ ဖခင်ကို တွေ့အောင်ရှ
မယ်လို့ ဆုံးဖြတ်ချက်နဲ့အတူ ... မောဒ်ချိုင့်ဝှမ်းကြီးမှာ မျိုးနွယ်စုအဖြ
ဖန်တီးနေထိုင်ခဲ့တယ်၊ နွားနောက်တွေနဲ့ ကလေးငယ်တွေကို စုဆောင်
ပြီး မျိုးနွယ်စုရဲ့အင်အားကို ပြနိုင်အောင် ကြိုးစားခဲ့တယ်၊ တစ်ဖက်
လည်း ဖခင်နဲ့ ရှေးဟောင်းပန်းအိုးလေးကို တိတ်တဆိတ်ရှာဖွေခဲ့တ
ဒီနေ့အချိန်ထိပါပဲ ...၊

ကျုပ်ဟာ ဖခင်ကိုရှာဖွေရင်း နှစ်တွေအများကြီး ကုန်ဆုံ
ခဲ့တယ်၊ အခုချိန်ဆို ဖခင်မြို့စားကြီးဟာ တမလွန်ရောက်လို့ အဖို
တောင် ဆွေးလှရောပေါ့၊ ဒါကို ကျုပ်သိပါတယ်၊ ဒါပေမဲ့ ကျုပ်တို
မိသားစုကြီးတစ်ခုလုံး ကြမ္မာဆိုးသင့်ခဲ့တဲ့ ရှေးဟောင်းပန်းအိုးလေးကို
ဖခင်ရဲ့ နောက်ဆုံးအမွေအနှစ်အဖြစ် ကျုပ် ရအောင် ပြန်ယူချင်တယ်

ကျုပ်ရင်ထဲမှာ သိနေတာက ... ဆွေမျိုးစုကြီးတစ်ခုလုံး ယ
ကြည်မှုလွဲမှားပြီး မိစ္ဆာလို့ သတ်မှတ်ခဲ့တဲ့ ရှေးဟောင်းအိုးဟာ နာ
တောင်တန်းရဲ့ တစ်နေရာမှာ ရှိနေမယ်ဆိုတာကို''

လို့ ပြောရင်း ငေးငိုင်သွားတယ်။

မုဆိုး ပန်ချူးဟာ ချိုင့်ဝှမ်းသခင်မကြီးရဲ့ မျက်နှာကို စူးစိုက်



ကြည့်လိုက်ရင်း ...

''ကံကြမ္မာရဲ့ ဆန်းကြယ်ပုံက အံ့သြစရာ သိပ်ကောင်းတယ်၊
ဆူးခြားတဲ့ တိုက်ဆိုင်မှုကြောင့် အိပ်မက်လို့တောင် ထင်မိပါတယ်၊
ာတ်တယ် ... မြို့စားကြီးရဲ့ ရှေးဟောင်းပန်းအိုးလေးဟာ နာဂ
တောင်တန်းရဲ့ လှိုဏ်ကြီးတစ်ခုထဲမှာ နှစ်ပေါင်းများစွာ တည်ရှိနေခဲ့တယ်၊

တစ်ချိန်က စစ်သူကြီး မဟာဗန္ဓုလဟာ အာသံကို စစ်နိုင်
တဲ့အတွက် တိုက်ပွဲမှာ ရှုပ်ရှုပ်ခွံခွံ စွမ်းဆောင်ခဲ့တဲ့ သူရဲကောင်းတွေကို
မြို့ရွာတွေ အပိုင်စားပေးပြီး ချီးမြှောက်ခဲ့တယ်၊ အဲ့ဒီမှာ ရှမ်းတပ်သား
လေး စောညီခေါင်ဟာ မြို့စားအဖြစ် ချီးမြှောက်ခံခဲ့ရတယ် ...

ဒါကိုမကျေနပ်တဲ့ ဆမားဒူးဝါးတပ်သားတစ်ယောက်ဟာ
ကျေမချမ်းဖြစ်ပြီး မြို့စား စောညီခေါင်ဆီကို စာချွန်လွှာနဲ့အတူ
ဂျပန်ရိုးရာ ရှေးဟောင်းပန်းအိုးလေးတစ်လုံးကို ပေးပို့ခဲ့တယ်၊ အဲ့ဒီ
အိုးဟာ ဇာမဏီငှက်ရုပ်ခံ ကျောက်စိမ်းအိုးလေးဖြစ်ပြီး ... စာချွန်
လွှာမှာတော့ မကောင်းတဲ့ကြမ္မာဆိုးတွေ ကြုံတွေ့မယ်လို့ ခြိမ်းခြောက်
ခဲ့တယ်''

လို့ ပြောလိုက်တဲ့အခါ ... သခင်မကြီးဟာ အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားသွားပြီး ...

"ဟင် ... ဒါ ... ဒါတွေကို မုဆိုးကြီးက ဘယ်လိုသိနေရတာလဲ၊ ဒါဟာ ကျုပ်တို့မိသားစုရဲ့ နောက်ကြောင်းတွေပဲ၊ သိပ်အံ့ဩဖို့ကောင်းနေပြီ"

မုဆိုးပန်ချူးဟာ လှိုဏ်ကြီးအတွင်းက အကြောင်းတွေကို သခင်မကြီးကို ရှင်းလင်းပြောပြလိုက်တယ်။

"ဒါဆို ရွှေဟောင်းအိုးက မုဆိုးကြီးဆီမှာပေါ့၊ အ ... အခု ... အဲ့ဒီအိုး ဘယ်မှာလဲ"

သခင်မကြီးရဲ့ စိတ်လှုပ်ရှားစွာ မေးလိုက်တဲ့ အမေးကြောင့် မုဆိုးကြီးက

"ကျုပ်မိတ်ဆွေ နတ်ဆရာကြီးဆီမှာ ကျန်ခဲ့တယ်၊ ကျုပ်ပြောချင်တာက ရွှေဟောင်းအိုးလေးကို သခင်မကြီးဆီ ကျုပ်အပ်ခဲ့မယ်၊ ဖမ်းဆီးထားတဲ့ ကလေးတွေအားလုံးကို ပြန်လွှတ်ပေးပါ"

လို့ တောင်းဆိုလိုက်တယ်။

သခင်မကြီးက သက်ပြင်းကို အသာချလိုက်ရင်း ...

"ကျုပ် ပြောပြီးပါပြီ ... ကျုပ်ဟာ ဖခင်နဲ့ ရွှေဟောင်းပန်း



အိုးကြောင့် ချိုင့်ဝှမ်းမျိုးနွယ်စုကို ပုံဖော် အသက်သွင်းခဲ့တာပါ၊ အခု ... ကျုပ်ဆန္ဒတွေ ပြည့်မြောက်ပါပြီ၊ မုဆိုးကြီး တောင်းဆိုချက်ကို လက်ခံပါတယ်"

လို့ ပြောလိုက်တော့တယ်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

"ချိုင့်ဝှမ်း သခင်မကြီးရဲ့ ...
ကံကြမ္မာက ဘာဖြစ်မလဲ"

# အပိုင်း (၁၇)

ချိုင့်ဝှမ်းဒေသမှ လွတ်မြောက်ခြင်း ...

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ ဆိပ်လူးမြားကိုင် လူတစ်စုဟာ သစ်လုံးနန်းတော်ထဲ ရောက်ရှိလာပြီး သခင်မကြီးရဲ့ရှေ့ ရောက်တော့ လက်ပြန်ကြိုးတုပ်ထားတဲ့ လူတစ်ယောက်ကို ကြမ်းပေါ် တွန်းချလိုက်တယ်။

မုဆိုးပန်ချူးဟာ ကြိုးတုပ်ခံရတဲ့လူကို ကြည့်လိုက်တော့ နတ်



ဆရာကြီးဖြစ်နေတာ တွေ့ရတယ်။

နတ်ဆရာကြီးက မုဆိုးပန်ချူးကို အားကိုးတကြီး လှမ်းကြည့်ရင်း ...

"ဟာ ... မုဆိုးလေး ... ကျုပ်ကို ကယ်ပါဦး၊ တောစပ်မှာ မုဆိုးလေးကိုစောင့်ရင်း ကျုပ် အိပ်ပျော်သွားတယ်၊ အဲ့ဒီမှာ ဒီကောင်တွေရောက်လာပြီး ကျုပ်ဖင်ကို ဆောင့်ကန်ရင်း အတင်းဖမ်းဆီးလာတယ် ... မိုက်ရိုင်းတဲ့ ကောင်တွေ"

လို့ မကျေမနပ် ရေရွတ်လိုက်တယ်။

သခင်မကြီးဟာ နတ်ဆရာကြီးရဲ့စကားကြောင့် မျက်နှာနီရဲသွားတယ်။ ပြီးတော့ အဆိပ်မြားကိုင်ထားတဲ့ တပ်သားတွေကို ပါးရိုက်လိုက်ရင်း ...

"ဒါ ... ရန်သူမဟုတ်ဘူး၊ မင်းတို့ကို သင်ထားတဲ့အထဲမှာ ဆက်ကြီးရွယ်အိုကို ရိုင်းပျဖို့မပါဘူး၊ အားလုံး ပြန်တောင်းပန်လိုက်ကြမ်း"

လို့ စေခိုင်းလိုက်တယ်။

အဆိပ်မြားကိုင်တပ်သားတွေဟာ သခင်မကြီးရဲ့စကားကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားကြပြီး ကမန်းကတန်း ဒူးထောက်ထိုင်ချလိုက်ရင်း ...

"ကျုပ်တို့ မှားသွားပါတယ်၊ ကျုပ်တို့ရဲ့အပြစ်ကို ခွင့်လွှတ်ပေးပါ"

လို့ ပျာပျာသလဲ တောင်းပန်လိုက်ကြတယ်။

သခင်မကြီးက နတ်ဆရာကြီး ကြည့်ရင်း ...

"ဒါဟာ ... မုဆိုးကြီးပြောတဲ့ နတ်ဆရာထင်တယ်၊ နတ်ဆရာကြီး ... မုဆိုးကြီးရဲ့ပလိုင်း ဘယ်မှာလဲ"

လို့ မေးလိုက်တဲ့အခါ နတ်ဆရာကြီးက ...

"ကျုပ်ကို ဒီကောင်တွေ ဖမ်းချုပ်လာတာ လူပဲပါလာတယ် ပလိုင်းက တောစပ်မှာ ကျန်ခဲ့ပြီ"

လို့ ပြောလိုက်တဲ့အခါ သခင်မကြီးဟာ မျက်နှာပျက်သွားရင်း ...

"ဟင် ... တောစပ်မှာကျန်ခဲ့တယ် ... ဟုတ်လား ဒုက္ခ ... မဖြစ်ဘူး၊ ကျုပ်ကိုယ်တိုင် ပလိုင်းကို ရှာမှဖြစ်မယ်"

လို့ ရေရွတ်လိုက်တယ်။

"အလီ ဘယ်မှာလဲ သခင်မကြီး ... ခေါ်ပေးဦးလေ"



မုဆိုး ပန်ချူးရဲ့ စကားကြောင့် သစ်လုံးနန်းတော်ထဲကထွက်ဖို့ ပြင်နေတဲ့ သခင်မကြီးဟာ ခြွေလှမ်းတုံ့သွားရင်း ...

"မင်းတို့တွေ မြေအောက်လှိုဏ်ဂူထဲမှာ ထိန်းသိမ်းထားတဲ့ ကောင်လေးကို ထုတ်ပေးလိုက်ကြစမ်း"

လို့ အမိန့်ပေးလိုက်တယ်။

အစောင့်တပ်သားနှစ်ယောက်ထွက်သွားတဲ့အခါ သခင်မကြီးက ...

"ဒုက္ခပါပဲ ... တောစပ်က ပလိုင်းကို တစ်ယောက်ယောက် ကောက်သွားရင် ကိုယ်ကျိုးနည်းရပါပြီ၊ ကျုပ်သွားပြီး ရှာမှဖြစ်မယ်"

လို့ ရေရွတ်ရင်း အပြေးတစ်ပိုင်း ထွက်သွားတော့တယ်။

နတ်ဆရာကြီးဟာ ပလိုင်းကို တဖွဖွပြောနေတဲ့ သခင်မကြီးကို ကြည့်ရင်း ... နားမလည်နိုင်အောင် ဖြစ်နေတယ်။

ဒီအချိန်မှာပဲ အလီ့ကိုသွားခေါ်တဲ့ အစောင့်တပ်သားတွေ ပြန်ရောက်လာတယ်။

အလီဟာ မုဆိုးကြီးကိုမြင်တဲ့အခါ ဝမ်းသာအားရနဲ့ ပြောတော်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com





မုဆိုးပန်ချူးဟာ အလှီရဲ့ခေါင်းကို ပွတ်သပ်လိုက်ရင်း …

“ဘယ်လိုလဲ အလှီ … ချိုင့်ဝှမ်းဒေသမှာ အတွေ့အကြုံတွေ ကောင်းကောင်းရခဲ့ရဲ့လား”

နတ်ဆရာကြီးဟာ မုဆိုး ပန်ချူးနဲ့ အလှီကိုကြည့်ရင်း …

“မုဆိုးလေးကတော့ အဆင်ပြေသွားပြီ … ကျုပ်မြေးတွေက တော့ ဘယ်ရောက်နေလဲ မသိဘူး”

လို့ ရေရွတ်လိုက်တယ်။

ဒီအခါမှ မုဆိုးပန်ချူးဟာ နတ်ဆရာကြီးကိုခေါ်ပြီး ကလေး တွေကို ဖမ်းချုပ်ထားတဲ့ ရွက်ဖျင်တဲကို ထွက်ခဲ့ကြတယ်။

မုဆိုးကြီးကိုမြင်တဲ့အခါ ကလေးတစ်ယောက်ဟာ ပြေးထွက် လာခဲ့တယ်။

နတ်ဆရာကြီးက သူ့တို့ထံပြေးလာတဲ့ ကလေးကိုကြည့်ရင်း

“ဟင် … မြေးမလေး … ငါ့မြေးမလေး”

လို့ ဝမ်းသာအားရ အော်ဟစ်လိုက်တယ်။

မုဆိုးကြီးဟာ ကောင်မလေးကို လှမ်းကြည့်လိုက်တဲ့အခါ၊ ညတုန်းက သူ့ကို သစ်လုံးနန်းတော်ကို လမ်းပြပေးတဲ့ မိန်းကလေးဆို တာ သိလိုက်ရတယ်။

“နတ်ဆရာကြီးရဲ့ မြေးမလေးဟာ သူကို။ သူဟာ သိမ် သွက်လက်တယ်၊ ညက သူညွှန်ပြပေးလို့ ကျုပ် သစ်လုံးနန်းတော်ကို ရောက်သွားတာ”

မုဆိုးကြီးရဲ့ စကားကြောင့် ကောင်မလေးက …

“အဘိုးက ဦးဦးလေးနဲ့ အတူပါလာတာကို။ အဖေနဲ့ အမေ တို့ရော မပါဘူးလားဟင် … အဘိုး”

လို့ မေးလာတယ်။

နတ်ဆရာကြီးဟာ မြေးမလေးရဲ့ပခုံးကို ဆုပ်ကိုင်လိုက်ရင်း

“ဒီအကြောင်းတွေ နောက်မှ ပြောပြမယ်၊ အငယ်ကောင်လေး ရော ဘယ်မှာလဲ”

လို့ မေးလိုက်ချိန်မှာပဲ ရွက်ဖျင်တဲထဲက ကောင်လေးတစ် ယောက်ဟာ အသည်းအသန်ပြေးထွက်လာရင်း နတ်ဆရာကြီးကို ပြေး ဖက်လိုက်တော့တယ်။

မုဆိုးကြီးဟာ ပျော်ရွှင်နေတဲ့ နတ်ဆရာကြီးတို့ မြေးအဘိုးကို ကြည့်ရင်း …

www.burmeseclassic.com

www.burmeseclassic.com



"ကဲ နတ်ဆရာကြီးရေ ... ကိစ္စတွေလည်း အားလုံးပြီးသွားပြီ၊ ရှေးဟောင်းအိုးတစ်လုံးကြောင့် ကလေးတွေအားလုံးလည်း ကယ်တင်နိုင်ခဲ့ပြီ ... ဒါပေမဲ့ ကျုပ် သခင်မကြီးနောက် လိုက်သွားဦးမယ်။ နတ်ဆရာကြီးက ဟော့ဒီ ရွက်ဖျင်တဲမှာပဲ ခဏနေခဲ့ပါ"

လို့ ပြောဆိုပြီး တောစပ်ရှိရာကို ထွက်သွားတယ်။

ကလေးငယ်အလီကတော့ မုဆိုးပန်ချူးရဲ့ဘေးမှာ ပျော်ရွှင်စွာခုန်ပေါက်ရင်း လိုက်ပါလာတယ်။

✧ ✧ ✧

"ကဲ ...ဘယ်လို ဇာတ်သိမ်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)

လောဘ နိဂုံး ...

တောစပ်ကိုရောက်တဲ့အခါ . . . မြက်ရိုင်းပင်တွေကြားမှာ မွှေနှောက်ရှာဖွေနေတဲ့ သခင်မကြီးကို တွေ့လိုက်ရတယ်။

မုဆိုးပန်ချူးတို့ ရောက်ရှိချိန်မှာပဲ အစောင့်တပ်သားတချို့ပါ ရောက်ရှိလာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



တပ်သားတွေဟာ ချွေးတလုံးလုံးနဲ့ ကုန်းရုန်းရှာနေတဲ့ သခင်မကြီးကို တအံ့တသြကြည့်လိုက်ရင်း ...

"သခင်မကြီး ဘာအလိုရှိပါသလဲ၊ ကျုပ်တို့ရှာပေးပါရစေ"

လို့ ဦးညွတ်အရိုအသေပြုပြီး ပြောလိုက်တဲ့အခါ သခင်မကြီးက

"ပလိုင်းတစ်လုံးကို ရှာနေတာပါကွယ် ... ဒီဘက်မှာ အမေရှာပြီးပြီ၊ ငါ့သားတို့ ဟိုဘက်ဆူးတောမှာ ရှာကြပါဦး"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ တပ်သားတစ်ယောက်က ခေါင်းကို ကုတ်ဖွ စဉ်းစားဟန်ပြုလိုက်ရင်း ...

"ပလိုင်း ... ပလိုင်းဆိုရင် ကျုပ် မနက်ပိုင်းက ဒီနေရာမှာပဲ ပလိုင်းတစ်လုံးကို တွေ့ခဲ့ပါသေးတယ် သခင်မကြီး"

လို့ ပြောလိုက်တဲ့အခါ သခင်မကြီးဟာ စိတ်လှုပ်ရှားသွားပြီး

"ဘယ် ... ဘယ်မှာလဲ၊ အဲ့ဒီပလိုင်း ဘယ်မှာလဲ"

လို့ အလောတကြီး မေးလိုက်မိတယ်။

တပ်သားဟာ သခင်မကြီးရဲ့မျက်နှာကို မဝံ့မရဲ ကြည့်လိုက်ရင်း ...



"ကျုပ် ... မနက်က မီးပုံကပွဲကအပြန် အပေါ့စွန့်ချင်တာနဲ့ ဒီနေရာကို ရောက်လာခဲ့ပါတယ်၊ ကျုပ်လည်း မူးမူးနဲ့ ပလိုင်းတစ်လုံးကိုမြင်တော့ ယောင်ယမ်းပြီး ကန်ချလိုက်မိတယ်"

လို့ ပြောလိုက်တဲ့အခါ သခင်မကြီးဟာ မျက်လုံးအစုံ ပြူးကျယ်သွားရင်း ...

"ဟင် ... ဘယ်ကို ကန်ချလိုက်တာလဲ"

"ဟိုး ... တောင်စောင်းထိပ်ကပါ"

လို့ ပြောလိုက်တယ်။

တပ်သားရဲ့စကားကြောင့် သခင်မကြီးဟာ ဆောက်တည်ရာမဲ့သွားပြီး ...

"အမယ်လေးတော် ... ငါ့ရဲ့ ရွှေဟောင်းအိုးလေးတော့ သွားပါပြီ၊ မဖြစ်ဘူး ... ငါကိုယ်တိုင် ဆင်းရှာရမယ်၊ ရှာရမယ်"

လို့ အရူးတစ်ယောက်လို အော်ဟစ်လိုက်တယ်။

မုဆိုးပန်ချူးနဲ့ အစောင့်တပ်သားတွေဟာ တစ်ခဏအတွင်း ပြောင်းလဲသွားတဲ့ သခင်မကြီးကိုကြည့်ရင်း မှင်တက်သွားမိတယ်။

ချိုင့်ဝှမ်းသခင်မကြီးဟာ တောင်စောင်းရှိရာကို ကမူးရှူးထိုး

www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားတော့တယ်။

တောင်စောင်းနားရောက်တဲ့အခါ သခင်မကြီးဟာ ခြေလှမ်းတုံ့သွားတယ်။

မုဆိုးပန်ချူးတို့ဟာ သခင်မကြီးကို စိတ်ဝင်တစား စောင့်ကြည့်နေကြတယ်။

ဒီအချိန်မှာပဲ တောင်စောင်းကနေ တက်လာတဲ့ လူတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရတော့တယ်။

အဲ့ဒီလူဟာ လက်တစ်ဖက်မှာ အဆိပ်လူးမြားကိုကိုင်ထားပြီး အခြားတစ်ဖက်မှာတော့ ပလိုင်းကို ကိုင်ထားတယ်။

ပုဆိုးပန်ချူးဟာ အဝေးမှာလှမ်းမြင်ရတဲ့ တောင်စောင်းထိပ်က လူကို စူးစိုက်ကြည့်လိုက်မိတယ်။

သူ့တစ်ကိုယ်လုံး သွေးဆူပွက်လာပြီး အသက်ရှူရပ်မတတ်ဖြစ်သွားမိတယ်။

သခင်မကြီးဟာ ထိုလူကို စူးစိုက်ကြည့်ရင်း ...

"ဟင် ... လူဝ ... နင် .. နင် ဘယ်လိုရောက်လာတာလဲ"

လို့ မေးလိုက်တဲ့အခါ ထိုလူက ပလိုင်းကိုကိုင်မြှောက်ပြရင်း



"ကျုပ် ဘယ်လိုရောက်လာတာလဲဆိုတာ ခင်ဗျား သိစရာမလိုပါဘူး မွေးစားအမေရယ်၊ အဟဲ ... လူဝတို့တော့ စုပ်ဝင်ပြီဗျ။ ဟော့ဒီပလိုင်းထဲမှာ ဘာရှိသလဲ ... သိလား"

လို့ လှောင်ပြောင်မေးလိုက်တဲ့အခါ သခင်မကြီးဟာ မျက်နှာပျက်သွားရင်း ...

"ပေးစမ်း ... အဲ့ဒီပလိုင်းကို ငါ့ပေးစမ်း။ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင်၊ နင့်လိုလူမျိုးကို မွေးစားမိတာ ရင်နာဖို့ကောင်းတယ်၊ ပလိုင်းကို ငါ့ပေးစမ်း"

ထိုလူက ဟားတိုက် ရယ်မောလိုက်ရင်း ...

"ဟား ဟား ဟား ... ပေးရမယ် ... ဟုတ်လား။ ဒါဟာ ပိုင်ရှင်မဲ့ ပလိုင်းဗျ။ ကျုပ် ကောက်ရထားတာ၊ ကျုပ်ပိုင်တယ် ... လုံးဝ မပေးနိုင်ဘူး"

လို့ အော်ဟစ်ပြောလိုက်တဲ့အခါ သခင်မကြီးဟာ ဒေါသအကြီးအကျယ် ထွက်သွားရင်း ...

"လူဝ ... နင့်ကို ပေးလို့ ပြောနေတယ်နော်၊ ပလိုင်းထဲက ရွှေဟောင်းပစ္စည်းဟာ ငါတို့ရဲ့ တစ်ခုတည်းသော အမွေပစ္စည်းပဲ

www.burmeseclassic.com

www.burmeseclassic.com



. . . နင် မယုတ်မာနဲ့"

ဦးလူဝဟာ လောဘဇောတက်နေတဲ့ မျက်နှာရဲကြီးနဲ့ သခင်မကြီးကို ကြည့်ရင်း . . .

"ဘာလို့ ပေးရမှာလဲဗျ . . . ပလိုင်းထဲမှာရှိတဲ့ ရှေးဟောင်းကျောက်စိမ်းပန်းအိုးဟာ သိပ်ရှားပါးတဲ့ ဂျပန်ရိုးရာ ပစ္စည်းတစ်ခုပဲ၊ အဟဲ . . . ကျောက်စိမ်းအိုးလို ရှေးဟောင်းပစ္စည်းတွေကို အနှံ့ခံရှာဖွေစုဆောင်းနေတဲ့ ရှေးဟောင်းပစ္စည်းရောင်းဝယ်တဲ့ မုဆိုးတွေလက်ထဲ ထည့်လိုက်လို့ကတော့ လူဝတို့ တစ်သက် စားမကုန်ဘူးဗျ . . .၊

ဒါကိုသိရဲ့နဲ့ ခင်ဗျားလက် အပ်လိုက်ရင် ကျုပ် . . . လူမိုက်ဖြစ်သွားမှာပေါ့၊ စဉ်းစားစမ်းပါ မွေးစားအမေရယ် . . . လူဝက လူမိုက်မဟုတ်ဘူး . . . သိပ်ကို ပါးနပ် လိမ္မာတယ်ဗျ"

လို့ ပြောဆိုရင်း ပလိုင်းထဲက ကျောက်စိမ်းပန်းအိုးကို ထုတ်လိုက်တယ်။

မုဆိုးပန်ချူးဟာ သခင်မကြီးနဲ့ ဦးလူဝတို့ရဲ့ ပြောစကားတွေကို နားထောင်ရင်း တောင်စောင်းအနီး ချဉ်းကပ်သွားတယ်။

သခင်မကြီးရဲ့အနားရောက်တော့ ဦးလူဝကို စူးစိုက်ကြည့်



လိုက်ရင်း . . .

"ခင်ဗျား မတရားမလုပ်ပါနဲ့ ဦးလူဝ၊ ခင်ဗျားဟာ အသက်ရှင်ဖို့ မကောင်းတော့ဘူး၊ ခင်ဗျားရဲ့တစ်ကိုယ်လုံးမှာ မတရားမှုတွေနဲ့ ပြည့်နှက်နေတယ်၊ ကမ္ဘာကြီးက ကျဉ်းတယ်ဆိုတာ ခင်ဗျားနဲ့ ပြန်ဆုံရမှ ကျုပ် ယုံတော့တယ်ဗျာ"

လို့ ပြောလိုက်တဲ့အခါ ဦးလူဝဟာ မျက်မှောင်ကြုတ်သွားတယ်။

မုဆိုးပန်ချူးရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်း ဦးလူဝရဲ့မျက်နှာဟာ တဖြည်းဖြည်း ပျက်ယွင်းလာတယ်။

ပြီးတော့မှ မုဆိုးပန်ချူးကို စူးစိုက်ကြည့်ရင်း . . .

"ဟင် . . . မင်း . . . မင်း"

ပြောစကားမဆုံးခင်ဘဲ မုဆိုးကြီးက ဟားတိုက် ရယ်မောလိုက်တယ်။

"ဟား . . . ဟား . . . ဟား"

"ကျုပ်ကို မှတ်မိပါ့မလားလို့ စိုးရိမ်နေတာ၊ ဟုတ်တယ် . . . ကျုပ်ဟာ ခင်ဗျားသမီး "အကုန်" ရဲ့ချစ်သူဟောင်း "ပန်ချူး" ပဲ၊ ခင်ဗျားကြောင့် ကျုပ်ရဲ့မင်္ဂလာပွဲ ပျက်ခဲ့ရတယ်၊ ခင်ဗျားကြောင့် ကျုပ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီး သေဆုံးခဲ့ရတယ်၊ အို ကုန်ကုန်ပြောမယ်ဗျာ . . . ခင်ဗျားနဲ့ ကျုပ် ထိပ်တိုက်တွေ့ပြီ၊ ကျုပ်ရဲ့ရာဇဝင်ကြွေးကို ရှင်းဖို့ အလည့်ကျပြီ ခင်ဗျားကြီး ငရဲသွားဖို့ ပြင်ပေတော့"

လို့ ကြုံးဝါးလိုက်ရင်း အဆိပ်မြားနဲ့ ချိန်ရွယ်လိုက်တယ်။

ဒီအခါမှာ ဦးလူဝက သခင်မကြီးကို ကြည့်လိုက်ရင်း . . .

"အဘွားကြီး . . . သူ့လက်ထဲက မြားကို ချခိုင်းလိုက် မဟုတ်လို့ကတော့ ဟောဒီပန်းအိုးကို ရိုက်ခွဲပစ်လိုက်မယ်"

လို့ ခြိမ်းခြောက်လိုက်တယ်။

ဦးလူဝရဲ့စကားကြောင့် သခင်မကြီးဟာ ထိတ်လန့်သွားပြီ

"မင်းတို့ရဲ့ ရန်ငြိုးတွေကို တခြားနည်းနဲ့ ရှင်းကြပါ၊ ကျုပ် ရှေးဟောင်းပန်းအိုးနဲ့ ဘာမှမသက်ဆိုင်ဘူး။ လူဝ . . . မင်း မယု မာနဲ့"

လို့ ပြောလိုက်တဲ့အခါ ဦးလူဝဟာ ဒေါသတကြီးအမူအရာ

"အဘွားကြီး . . . စကားမရှည်နဲ့၊ ကျုပ် ရိုက်ခွဲပစ်လိုက်မှာ နော်၊ ခုချက်ချင်း မြားကို ချခိုင်းလိုက်"

လို့ အော်ဟစ်လိုက်တယ်။



သခင်မကြီးဟာ မုဆိုးကြီးနဲ့ ဦးလူဝကို တစ်လှည့်စီကြည့်ရင်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်၊

ဒီအချိန်မှာပဲ မမျှော်လင့်တဲ့ အဖြစ်တစ်ခု ဖြစ်ပွားခဲ့တယ်။

အဝေးဆီက ပစ်လွှတ်လိုက်တဲ့ အဆိပ်လူးမြားတစ်စင်းဟာ ဦးလူဝရဲ့ရင်ဘတ်ကို ထိမှန်သွားတယ်။

ဦးလူဝဟာ "အား" ခနဲ ငယ်သံပါအောင် အော်ဟစ်သံနဲ့အတူ တောင်စောင်းအတိုင်း တလိမ့်ခေါက်ကွေး ပြုတ်ကျသွားတော့တယ်

ချိုင့်ဝှမ်းသခင်မကြီးဟာ ဦးလူဝရဲ့လက်က လွင့်စဉ်သွားတဲ့ ရှေးဟောင်းအိုးလေးကို ကြည့်ရင်း . . .

"အမယ်လေး . . . ငါ့ . . . ငါ့အိုးလေး သွားပါပြီ၊ သွားပါပြီ"

လို့ သွေးရူးသွေးတန်း အော်ဟစ်သံနဲ့အတူ တောင်စောင်းအတိုင်း ပြေးဆင်းသွားတော့တယ်။

မုဆိုးပန်ချူးဟာ တောင်ထိပ်ကနေ ငုံ့ကြည့်လိုက်တဲ့အခါ ကျောက်ဖျာကြီးနဲ့ ခေါင်းဆောင့်မိရင်း သွေးအိုင်ထဲလဲနေတဲ့ ဦးလူဝရဲ့ အဖြစ်ဆိုးကို တွေ့လိုက်ရတယ်။

"ဦးလူဝ . . . ခင်ဗျားကို မကျေနပ်ဘူးဗျာ . . . ကျုပ်မိန်းမရဲ့

www.burmeseclassic.com

www.burmeseclassic.com



အသက်ကို နုတ်ယူသွားတဲ့ ခင်ဗျားကို ကျုပ်လက်နဲ့ မသတ်လိုက်ရတာ သိပ်ရင်နာတယ်''

မုဆိုးပန်ချူးရဲ့ မချိတင်ကဲ ကြူးဝါးသံအဆုံးမှာတော့ သူ့ပခုံးပေါ်ကို လက်တစ်ဖက်ရောက်လာတယ်

မုဆိုး ပန်ချူးဟာ အနောက်ကို လှည့်ကြည့်လိုက်တဲ့အခါ

''ဟာ ... အစ်ကိုကြီး ... ဦးလူဝကို အစ်ကိုကြီး သတ်လိုက်တာပေါ့''

လို့ အထိတ်တလန့် ရေရွတ်လိုက်တယ်။

အစ်ကို ယာသမားကြီးက မုဆိုးပန်ချူးရဲ့ပခုံးကို ဆုပ်ကိုင်လိုက်ရင်း ...

''အထင်လွဲမှားမိတဲ့အတွက် တောင်းပန်ပါတယ် ပန်ချူး ဟုတ်တယ် ... ငါ့နှမလေး အနော်ရဲ့အသက်ကို ခြွေယူသွားတဲ့ လူယုတ်မာကို ငါကိုယ်တိုင် လက်တုံ့ပြန်လိုက်ပြီ၊ အနှစ်နှစ်အလလ မျိုသိပ်ခဲ့တဲ့ ငါ့ရင်ထဲက နာကြည်းမှုတွေ ဒီနေရာမှာပဲ အဆုံးသတ်သွားပြီ၊ မင်းကို နှုတ်ဆက်ခဲ့ပါတယ်ပန်ချူး''

ယောက်ဖဖြစ်သူ ယာသမားကြီးရဲ့ စကားကြောင့် မုဆိုးကြီးဟာ အံ့ဩသွားရင်း ...



''ဟင် ... အစ်ကိုကြီးက ကျုပ်နဲ့ မလိုက်ဘူးလား။ ဘယ်သွားဦးမှာလဲ''

လို့ မေးလိုက်တဲ့အခါ ယောက်ဖဖြစ်သူက သက်ပြင်းချလိုက်ရင်း ...

''လူ့လောကဟာ သိပ်ကို ပူလောင်ပါတယ်၊ လူတွေဟာ အတ္တရဲ့ ကျေးကျွန်တွေပါပဲ၊ ဒီသဘောတရားတွေကို ငါသိပြီးတဲ့နောက် လူတွေကြားမှာ နေလို့မရတော့ဘူး ပန်ချူး။ ဒါကြောင့် ဟိုး ... တောင်ပေါ်မှာရှိတဲ့ တောင်တန်းသာသနာပြုကျောင်းလေးမှာ သွားပြီး ရာသက်ပန်နေထိုင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ''

လို့ ပြောပြီး မုဆိုးကြီးရဲ့အနားကနေ လှည့်ထွက်သွားတော့တယ်။

မုဆိုးပန်ချူးဟာ ယောက်ဖဖြစ်သူ ယာသမားကြီးရဲ့နောက်ကျောကို ငေးကြည့်ရင်း သက်ပြင်းကို ချလိုက်မိတယ်။

ဒီအချိန်မှာပဲ ... ''အား'' ခနဲ အော်ဟစ်လိုက်တဲ့ အသံနက်ကြီးကို ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးပန်ချူးနဲ့ အလီလေးဟာ အောက်ကိုငုံ့ကြည့်လိုက်တဲ့ အခါ စပါးကြီးမြွေတစ်ကောင်ရဲ့ ရစ်ပတ်ခြင်းခံရတဲ့ သခင်မကြီးကို စိတ်မကောင်းစွာ မြင်လိုက်ရတယ်။

သခင်မကြီးဟာ စပါးကြီးမြွေရဲ့လက်က အော်ဟစ်ရုန်းကန် ရင်း လက်မှာတော့ သူမ နှစ်ရှည်လများ ရှာဖွေခဲ့တဲ့ ရှေးဟောင်းပန်း အိုးလေးကို ဆုပ်ကိုင်ထားတယ်။

အလီလေးဟာ မျက်လုံးအပြူးသားနဲ့ ချိုင့်ဝှမ်းသခင်မကြီးကို ကြည့်ရင်း ...

"သခင်မကြီးရဲ့ အဖြစ်ကတော့ ရင်နင့်စရာပဲနော်၊ သူ့မှာ အသက်အန္တရာယ်နဲ့ ကြုံနေရတာတောင် ပန်းအိုးလေးကို ကျစ်နေ အောင် ကိုင်ထားတယ်"

လို့ ပြောလိုက်တဲ့အခါ မုဆိုးပန်ချူးက ခေါင်းကို အသာခါယမ်း လိုက်ရင်း ...

"အင်း ... ရှေးဟောင်းပန်းအိုးတစ်လုံးကြောင့် မြို့စားသမီး ဟာ ဟောဒီချိုင့်ဝှမ်းဒေသကြီးမှာ ဘဝကိုမြှုပ်နှံပြီး အချိန်တွေ ကုန်ဆုံး ခဲ့ရတယ်၊ သူ့ရဲ့အတ္တကြောင့် ကလေးငယ်တွေနဲ့ နွားနောက်တွေကို



ဒီးယူခဲ့တယ် ...၊

လူတွေရဲ့ရင်ထဲမှာ ကိန်းအောင်းနေတဲ့ ငါစွဲအတ္တဟာ သိပ် ကြောက်ဖို့ကောင်းပါလား၊ တကယ်တော့ ... လောဘ၊ ဒေါသ၊ မောဟတွေ သိမ်းပြင်းထန်တဲ့လူဟာ မသေခင်ကတည်းက ငရဲကြီးရှစ် ထပ်ကို ရောက်နေရသူတွေပါ ...၊

လူလေး အလီ ...မင်း သိထားဖို့က အသက်ရှင်သန်ရေး ကာလပတ်လုံး လောဘ၊ ဒေါသ၊ မောဟတွေကို နည်းအောင်ကြိုး စားရမယ်၊ လောဘ၊ ဒေါသ၊ မောဟတွေရဲ့ အပူမီးဟာ ငရဲမီးလို ပူ ပြင်းလွန်းလှပါတယ်"

ဒီအချိန်မှာပဲ မုဆိုးကြီးတို့အနားကို နတ်ဆရာကြီးနဲ့ အစောင့် တပ်သားတွေ ရောက်လာတယ်။

အစောင့်တပ်သားတွေနဲ့အတူ ဖမ်းဆီးချုပ်နှောင်ခံရတဲ့ ကလေး အုပ်ကြီးလည်း ပါလာတယ်။

မုဆိုး ပန်ချူးဟာ ချိုင့်ဝှမ်းလူမျိုးစုအဖြစ် ခံယူထားတဲ့ တပ် သားတွေဘက်လှည့်လိုက်ပြီး ...

"ခင်ဗျားတို့အားလုံး ခုအချိန်ကစပြီး လွတ်လပ်သွားပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ဝှမ်းဒေသဆိုတာ မရှိတော့သလို၊ ချိုင့်ဝှမ်းလူမျိုးစုဆိုတာလည်း မရှိတော့ပါဘူး။ ခင်ဗျားတို့အားလုံးမှာ မိသားစုတွေ ရှိတယ်၊ ဒါကြောင့် ကိုယ့်အရပ် ကိုယ်ပြန်ပြီး အေးချမ်းစွာ တောင်ယာလုပ်ကိုင်စားကြပါ တော့''

လို့ပြောလိုက်တဲ့အခါ လူမျိုးစုတပ်သားတွေဟာ အဆိပ်မြား တွေကို ပစ်ချလိုက်ရင်း ''ဟေး'' ခနဲ တညီတညွတ်တည်း အော်ဟစ် လိုက်တော့တယ်။

မှဆိုးပန်ချူးဟာ အလီလေးရဲ့ လက်ကိုဆွဲရင်း နတ်ဆရာမြေး အဘိုးနဲ့အတူ ချိုင့်ဝှမ်းဒေသကို ကျောခိုင်းထွက်ခဲ့တော့တယ်။

မှဆိုးပန်ချူးရဲ့ ရင်ထဲမှာတော့ ရှေးဟောင်းပန်းအိုးတစ်လုံးနဲ့ ပတ်သက်ပြီး ထူးခြားတိုက်ဆိုင်မှုတွေနဲ့ ကြုံမှာဆိုးခံရတဲ့ မြို့စားကြီး မိသားစုရဲ့အကြောင်းဟာ ပုံပြင်တစ်ပုဒ်လို ဘယ်တော့မှ မေ့ပျောက်ရ မှာ မဟုတ်တော့ပါဘူး။

# မဒိုစာ

မင်္ဂလာပါ

ဆရာမရှင့် သမီးက ဆရာမရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ထွက်သမျှစာအုပ်တွေအကုန်လုံး ဖတ်ဖူးပါတယ်။ ဆရာမရဲ့စာအုပ်တွေ က ဆွဲဆောင်မှုရှိပါတယ်။ ဆရာမရဲ့စာအုပ်တွေထဲမှာ 'အရှင်လတ် လတ်' နဲ့ 'နှစ်ဘဝရွှေသိုက်' ကို အရမ်းကြိုက်ပါတယ်။ ဆရာမစာအုပ် တွေကို ဖတ်ရတာ အားမရသေးပါဘူး။ ဒီထက်ပိုပြီး ထွက်ပေးပါ။ သမီး စာထဲမှာ အမှားပါရင် ခွင့်လွှတ်ပါ။ ဆရာမရဲ့ဓာတ်ပုံနဲ့အတူ စာအုပ် လက်ဆောင်ပို့ပေးပါနော်။ ထွက်သမျှ အမြဲတမ်း အားပေးနေ ပါ့မယ်။ ဆရာမ နိုင်ငံကျော်စာပေအနုပညာရှင်ကြီးဖြစ်ပါစေ။ ဆရာမ ကျန်းမာပါစေ။ စာများများ ရေးနိုင်ပါစေ။

ဆရာမရဲ့ထာဝရပရိသတ်

မဝတ်ရည်လင်း

အမှတ် (၆၀)

ရွှေသာလျောင်းလမ်း

ပြည်မြို့

www.burmeseclassic.com

www.burmeseclassic.com

ဆရာမ မအိုစာ

ဆရာမ ကျွန်တော် ဆရာမရဲ့စာအုပ်တွေကို လစဉ် အမြဲတမ်း ဖတ်ရှုအားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ ဆရာမရဲ့စိတ်သဘောထားကို ကျွန်တော် အရမ်းလေးစားတယ်။ ဆရာမက ဆရာမဆီရောက်လာတဲ့ စာတိုင်းကို ဆရာမက ထွက်ရှိမယ့်စာအုပ်မှာ ထည့်သွင်းဖော်ပြလေ့ရှိတာကို ကျွန်တော် လေးစားတာပါ။ ဆရာမရဲ့ 'ခေါင်းတလားရာဇာ' စာအုပ်ကစဖတ်ဖြစ်တာပါ။ 'ခေါင်းတလားရာဇာ' စာအုပ်ကစပြီး နောက်ပိုင်းစာအုပ်တွေအားလုံးလည်း ဖတ်ဖြစ်ပါတယ်။ 'ခေါင်းတလားရာဇာ' စာအုပ်က ကျွန်တော့်ကို ဗဟုသုတအများကြီးပေးပါတယ်။ 'ခုတင်နံပါတ်-၃၁'က ဆရာမထွက်ရှိသမျှ စာအုပ်တွေထဲမှာ အကောင်းဆုံးစာအုပ်ပါပဲ။ လူတစ်ယောက်က ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တယ်ဆိုတာကို ဆရာမက အကျယ်တဝင့်ဖော်ပြထားတယ်။ ဖတ်ရှုသူအားလုံးလည်း နားလည်သဘောပေါက်လွယ်တဲ့ စာအုပ်လေးပါပဲ။ ဆရာမရဲ့ နောက်ဆုံးထွက်ရှိတဲ့စာအုပ်ကလည်း အရမ်းကောင်းတယ် ဆရာမ။ စိတ္တဇဆန်ဆန်စာအုပ်တွေကို ကျွန်တော် ပိုနှစ်သက်တယ်။

ဆရာမရဲ့ဓာတ်ပုံနဲ့လက်မှတ်ပါတဲ့စာအုပ်ကို စောင့်မျှော်လျက်။

ဆရာမရဲ့ထာဝရပရိသတ်

ထွန်းမင်းလတ်

အမှတ် (၂၂)၊ အဝေရာ (၂) လမ်း။

တိလောကရပ်ကွက်၊ ထောက်ကြန့်

မင်္ဂလာဒုံမြို့နယ်။

ဆရာမမအိုစာရှင့်

ညီမလေးလည်း သူများတွေလို ဆရာမနဲ့ ရင်းနှီးခွင့်ရချင်လို့ စာရေးလိုက်တာပါ။ ဆရာမရဲ့ဇာတ်လမ်းလေးတွေက စာဖတ်သူကို ဆွဲဆောင်နိုင်တယ်။ ဆရာမရဲ့အရေးအသားလေးတွေက ဇာတ်လမ်း တစ်ကွက်နဲ့တစ်ကွက်ကို ချိတ်ဆက်မိအောင် ရေးသားနိုင်တယ်။ ဆရာမရဲ့ 'ခေါင်းတလားရာဇာ' စာအုပ်က စဖတ်ဖြစ်တာပါ။ ဆရာမရဲ့ 'ခေါင်းတလားရာဇာ' စာအုပ်ကိုဖတ်ပြီး ညီမလေး ဗဟုသုတတွေ ရခဲ့တယ်။ အဲဒီနောက်ပိုင်းကစပြီး ဆရာမစာအုပ်တွေကို လစဉ် ဖတ်ဖြစ်ပါတယ်။ 'ခုတင်နံပါတ်-၃၁' စာအုပ်က အရမ်းဖတ်လို့ကောင်းတယ်။ လူတစ်ယောက်က သူ့ရဲ့စွဲလမ်းစိတ်ကြောင့် ဥပဒ်ဖြစ်ရတယ်ဆိုတာကို ညီမလေးသာမကဘဲ ဆရာမရဲ့စာဖတ်ပရိသတ်တွေလည်း နားလည်မယ်လို့ ညီမလေးထင်ပါတယ်။ ဆရာမရဲ့ပြီးလထုတ် ဆရာမရဲ့ 'မိုးနတ်ဒေဝီ'စာကို အရမ်းကြိုက်တယ်။ စိတ္တဇဆန်တဲ့ဇာတ်လမ်းတွေကို ညီမလေး စိတ်ဝင်စားတယ်။ စိတ္တဇဆန်တဲ့ဇာတ်လမ်းတွေ များများရေးပေးပါနော်။ ဒါပါပဲ။

အစဉ်လေးစားလျက်ညီမလေး

ဆုယမုံကြွယ်

ရွှေမိတ်လာစားသောက်ဆိုင်၊ ပဲခူးလမ်း၊

ထောက်ကြန့်။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ

သမီးက ဆရာမရဲ့ပရိသတ်တစ်ဦးပါ။ ဆရာမရဲ့ကလောင်နာမည်က အရမ်းစိတ်ဝင်စားဖို့ကောင်းပါတယ်။ ဆရာမရဲ့နာမည်ကို သိပါရစေ။ ဆရာမရဲ့ကလောင်ခွဲဖြစ်တဲ့ ချမ်းမြေ့သရဖီလှိုင်ကိုလည်း ဖတ်ဖူးပါတယ်။ ဆရာမရဲ့ခုတင်နံပါတ်-၃၁ စာအုပ်ကိုလည်း အရမ်းဖတ်ချင်ပါတယ်။ သမီးတို့က မြဝတီမြို့ကပါ။ အဲဒီစာအုပ်ကို အရမ်းဖတ်ချင်ပါတယ်။ လိုက်ရှာတာ မတွေ့ပါဘူး။ ဆရာမရဲ့နောက်ဆုံးထွက်တဲ့ နှစ်ဘဝရွှေသိုက်ကိုလည်း ဖတ်ပြီးပါပြီ။ အဲဒီထဲက မချစ်တီးရဲ့ဘဝက သနားစရာကောင်းသလို သံဝေဂရစရာလည်း ကောင်းပါတယ်။ နောက်ထွက်မယ့် ဆရာမရဲ့စာအုပ်ကိုလည်း မျှော်နေပါမယ်။ ဆရာမဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

နွယ်နီ

(ခေတ္တ မော်လမြိုင်)

အမှတ် ၁၄၄၁၊ အောင်သပြေ (၂)၊

ဖေယျာသီရိ (၂)၊ မော်လမြိုင်မြို့။

မင်္ဂလာပါမမ ... မအိုစာ

ကျွန်တော်ဟာ မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမရဲ့ထွက်ပြီးသားစာအုပ်ကို မလွတ်တမ်းဖတ်ဖြစ်ပါတယ်။ မမရဲ့ထွက်ပြီးသားစာအုပ်တွေအားလုံးဟာ အရမ်းဖတ်လို့ကောင်းပြီး သုတ၊ ရသပေးနိုင်စွမ်းရှိလို့ ကျွန်တော် အရမ်းနှစ်သက်ပါတယ်။ တစ်ခါတည်းနဲ့ ဖတ်လို့မဝလို့ အခေါက်ခေါက်အခါခါ ဖတ်ဖြစ်ပါတယ်။ မမရဲ့စာအုပ်တွေထဲက ကျွန်တော် အကြိုက်ဆုံးစာအုပ်ကတော့ 'နတ်ကျွဲးဝိဉာဉ်' ဆိုတဲ့စာအုပ်လေးပါ။ ဒါပေမဲ့ စာအုပ်ဟာ ပါးနေလို့ ဖတ်ရတာ အားမရဘူးဖြစ်နေတယ်။ အဲ့ဒါကြောင့် စာအုပ်ကို ထူထူလေးရေးပေးပါလို့ အကြံပြုချင်ပါတယ်။ တောင်းဆိုစရာလေးရှိပါတယ်။ မမရဲ့အသက်နဲ့မိသားစုအကြောင်း သိချင်ပါတယ်။ မမရဲ့လက်မှတ်ပါတဲ့ စာအုပ်လေးနဲ့ ဓာတ်ပုံလေး လိုချင်ပါတယ်။ တစ်လကို နှစ်အုပ်ထွက်ပေးလို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။ အားမနာတမ်းပြောရရင် မမရဲ့ပြန်စာကိုလည်း လိုချင်ပါတယ်။ ထပ်ထွက်လာမယ့်မမရဲ့စာအုပ်တွေကို စောင့်မျှော်ရင်းအားပေးပါမယ်။ ကျွန်တော်အားပေးတဲ့မမ ကျန်းမာပျော်ရွှင် သောကကင်းစင်ပြီး မမရဲ့ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းရင်း ကျွန်တော် ...

အစဉ်အမြဲလေးစားလျက်

မောင်တင်စိုး

အမှတ် ၅၃၊ ၉၄ လမ်း၊ ကန်တော်ကလေး

မင်္ဂလာတောင်ညွန့်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

မဝေဒီစာရှင့်

သမီးက ဆရာမရဲ့စာအုပ်တွေကို လစဉ်မလွတ်တမ်း စောင့်မျှော်ဖတ်ရှုနေသူပါ။ သမီးက အချစ်ဝတ္ထုတွေထက် စိတ်လှုပ်ရှားရမယ့် ဝတ္ထုတွေကို ပိုကြိုက်ပါတယ်။ ဆရာမရဲ့ဇာတ်လမ်းတွေက အရှည်ကြီးလည်း မရှည်တဲ့နဲ့ ဇာတ်လမ်းအလှည့်အပြောင်းတွေက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ သမီး အရင်ဆုံး ဖတ်ဖြစ်ခဲ့တာက 'မလှစုန်းသိုး' နဲ့ 'ခေါင်းတလားရာဇာ' ပါ။ အဲဒီစာအုပ်နှစ်အုပ်ကနေ 'လူ တစ်ယောက် ရဲ့အပြင်ပန်းကိုကြည့်ပြီး ဆက်ဆံတတ်တဲ့ပတ်ဝန်းကျင်နဲ့ အပြင်ပန်းက ဘယ်လောက် နိမ့်ကျနိမ့်ကျ စိတ်ဓာတ်မြင့်မြတ်တဲ့လူတွေရှိပါလား' ဆိုတဲ့ အသိကိုရတယ်။ ဆရာမရဲ့စာအုပ်တွေက လူငယ်တွေအတွက် ဗဟုသုတနဲ့ အသိတစ်ခုခုပေးပါတယ်။

'ခုတင်နံပါတ်–၁၁' က သမီးရဲ့အကြိုက်ဆုံးစာအုပ်ပါ။ လူတစ်ယောက်ရဲ့ မကောင်းတဲ့ စွဲလမ်းမှုဟာ သူ့ကိုဒုက္ခရောက်စေကြောင်းသိလာရပါတယ်။

သရဲ၊ တစ္ဆေဝတ္ထုတွေထက် 'မိုးနတ်ဒေဝီ' လိုမျိုး စိတ္တဇဆန်ဆန်ဝတ္ထုတွေကို အသားပေး ရေးပေးစေချင်ပါတယ်။

'ဘုံစာကျွေးတဲ့နေ့' စာအုပ်ကို အလယ်လောက်အထိ အရမ်းကြိုက်ပေမယ့် မင်းသမီးဆုံး သွားတဲ့အတွက် ဇာတ်လမ်းက မပြတ်သလို ခံစားမိပါတယ်။

ဆရာမရဲ့ဓာတ်ပုံနဲ့လက်မှတ်ကိုလည်း လိုချင်ပါတယ်။ ပို့ပေးပါနော်။ ဆရာမရဲ့ ဆက်လက် ထွက်ရှိမယ့်စာအုပ်တွေကိုလည်း စောင့်မျှော်အားပေးနေမှာပါ။

ဆရာမရဲ့ထာဝရပရိသတ်
ညီမလေးသံသာသက်သက်ဇော်
ရုံး–တာဝေ
အမှတ်(၁၅)၊ ဝိဇေတာက်လမ်း၊
ရွာမ၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com